# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၈၂)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀-၂-၂၀၂၆၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏ အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ဆက်လက်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ**
**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ**
**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ**
**၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် **"ချင်းအမျိုးသားနေ့"** နေ့ထူးနေ့မြတ်အခါသမယ၌ ချင်းတိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၃ သို့

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ တက်ရောက်

ဟားခါး ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ယနေ့မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်၌ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများသည် အခြားတိုင်းဒေသကြီး/ပြည်နယ်တွင် တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် နှိုင်းယှဉ်ပါက လိုအပ်ချက်များ ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို professional ကျကျ ထမ်းဆောင်ရန် တာဝန်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု ပါရှိပါကြောင်း၊ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးသည် ကွာခြားပါကြောင်း၊ ပါတီနိုင်ငံရေးသည် ပါတီတစ်ခု၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဖြစ်ပြီး အမျိုးသားနိုင်ငံရေးသည် သာမန်အားဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ခြင်းဖြစ်ပါကြောင်း၊ မည်သည့်အစိုးရ




တက်တက် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ကို တာဝန်ခံပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကိုကိုးကားပြီး မိမိတို့ဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် တင်ပြလိုသည့် အချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက်နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


**ရေမှသန့်စင်သော ဟိုက်ဒရိုဂျင်ထုတ်ယူနိုင်သည့် နည်းလမ်းသစ်တွေ့ရှိ** — စာမျက်နှာ ၇

**အိုဘယ့်ချင်းမိုင်(၁၈)(ဆောင်းပါး)** — စာမျက်နှာ ၁၀

**ဂျန်းစ်အော့ဒ်ဂါ့ဒ် ဘိုလော့ဂ်နာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို** — စာမျက်နှာ ၁၁

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ သောကြာနေ့။

မန္တလေး

## ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်သည့် မှတ်တမ်းစာအုပ်ပြုစုရေးသားရန် အဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယင်းသို့ဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖွဲ့စည်း၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း၊ Grade-12 မအောင်မြင်သူများအတွက် ပညာသင်ယူခွင့်လမ်းကြောင်းနှင့် Grade-9 ပြီးမြောက်ပြီး အထက်တန်းမတက်ရောက်သူများအတွက် ဆက်လက်ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်သည့်အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ပညာသင်ယူခွင့်အခွင့်အလမ်းလမ်းကြောင်း(Pathways)အဆင့်ဆင့်ကို ရေးဆွဲသွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင်ပညာရေးတွင် လုပ်ဆောင်နေသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများဖြစ်သည့် Job Ready Skills များ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များနှင့် ပတ်သက်၍ Grade-10 မှ စတင်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ငါးနှစ်တာကာလအတွင်း ပညာရေးနှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများကို ပြုစုရေးသားရန် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် အခြေပြကားချပ် (Chart) နှင့် အစီရင်ခံစာ(Report)ရေးသားရာတွင် နိုင်ငံတော်အစိုးရ၏ ပညာရေးပြုပြင်ပြောင်းလဲခြင်းနှင့် ပညာရေးအဆင့်အတန်းနှင့်အညီ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းတို့အတွက် မှတ်တမ်းစာအုပ်ထည့်သွင်းပြုစုထားရှိရန်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှု၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှု၊ ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ မှတ်တမ်းစာအုပ်ပြုစုနိုင်ရေးအချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရန်အတွက် ပညာရေးကဏ္ဍတွင် ထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ခဲ့သည့် မှတ်တမ်းများကို ထည့်သွင်းပြုစုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တဓမ္မဝီနိထ ဆရာတော်ကြီးနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကြီးအား ပူးမြော်၊ ပန်းပေါင်းစုံ၊ သစ်သီးစုံ၊ ဆီမီးဆက်ကပ်၊ အလှူငွေများ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံ အေးချမ်းသာယာရေး ကုသိုလ်တရားများ တိုးပွားစေခြင်း အကျိုးငှာ မြန်မာနိုင်ငံသို့ ရောက်ရှိနေသာ သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တဓမ္မဝီနိထ ဆရာတော်ကြီး ဦးဆောင်၍ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများသည် မန္တလေးမြို့သို့ ဖေဖော်ဝါရီ ၁၈ ရက်က ရောက်ရှိလာသည်။



ရှေးဦးစွာ မြန်မာနိုင်ငံမှ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထုတိဝရက ဦးဆောင်၍ သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တဓမ္မဝီနိထဆရာတော်ကြီးနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ အဖွဲ့သည် အောင်မြေသာစံမြို့နယ် အတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးတွင် အပူဇော်ခံထားသည့် စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ မန္တလေး မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကြီးသို့ သွားရောက် ဖူးမြော်ကြည်ညို၍ မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံမှ ပန်းပေါင်းစုံ၊ သစ်သီးစုံ၊ ဆီမီးများ ဆက်ကပ်ပြီး မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ကျောက်စာတိုက်၊ စေတီပုထိုးများ ပြုပြင် မွမ်းမံရန်အတွက် အလှူငွေ ကျပ် သိန်း ၅၀ ကို ဂေါပကအဖွဲ့ထံ ပေးအပ်ပြီးနောက် လှည့်လည်ပူဇော်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

၀-၀-၀

## ပန်းချီဆရာသာဆိုင်၏ "ဒို့ချစ်တဲ့ ကမ္ဘာ"တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပမည်



**မန္တလေး ဖေဖော်ဝါရီ ၁၉**

ပန်းချီဆရာသာဆိုင်၏ "ဒို့ချစ်တဲ့ ကမ္ဘာ"အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့၊ ၅၇ လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြား Collector's Soul Art Gallery ပြခန်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပန်းချီပြပွဲတွင် ရေဆေး၊ ဆီဆေး ၆၀ ကား ပြသမည်ဖြစ်ရာ အသေးဆုံး ၅ လက်မ×၇ လက်မနှင့် အကြီးဆုံး ၃ ပေ ×၂½ပေ ဆိုက်များဖြစ်သည်။ ပန်းချီဆရာသာဆိုင်သည် (၈)ကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲဖြစ်ပြီး ကမ္ဘာမြေ၏ အလှတရားများအား ချစ်ခင်ရာတွင် အလှတရားများရှိရာသို့ ကိုယ်တိုင်သွားရောက်ကာ မိမိတို့ ခံစားမှုရှိသည့်အတိုင်း အောက်ဒိုးထွက်၍ ရေးဆွဲထားသော ပန်းချီကားများဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများအနေဖြင့် ပန်းချီပြပွဲသို့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း ၎င်းက ပြောသည်။

ပန်းချီဆရာ သာဆိုင်သည် ပန်းချီပညာရှင် ဆရာကြီး ဦးကံညွန့်၏ တပည့်အရင်းဖြစ်ကြောင်း သိရသည်။

**(ဝဇ္ဇ၁)**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ကြီး တံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

**(ယာပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက် လေးစုမွှာရုံ၊ အ·ထ·က(၁) အနောက်ဘက်တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိ

☆ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန် တိုက်တွန်း

☆ ရှေ့ဖုံးမှ

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူစည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါသိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်နိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသော တိုင်းရင်းသားပြည်သူတို့နှင့်အတူ နယ်ချဲ့တို့ကို ရဲဝံ့စွန့်စားစွာ ခုခံတော်လှန်ခဲ့ကြပါသည်။

ထို့ပြင် လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်ကာလက ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှူရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) သတိုးမဟာသရေစည်သူ ဦးဝမ္မသူးမောင်၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) သီရိပျံချီ ဦးထပ်လိုင်းတို့သည်လည်းကောင်း၊ လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီး ဟာရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီး လျှန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရဲ အောင်ဆန်းသူရိယ တိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျကျော်ထင် ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများက နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့်တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးခါစ ၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို **"ချင်းအမျိုးသားနေ့"** အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး အခမ်းအနားများ နှစ်စဉ်ဂုဏ်ယူစွာ ကျင်းပခဲ့သည်မှာ (၇၈)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်နှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိကြသည့် ပြည်တွင်းပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူးသတိပြု ကာကွယ်ကြရန် လိုအပ်ပါသည်။

ယခု ကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ် ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကိုအမြဲနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသော ဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး နယ်မြေနှင့်အာဏာ ချဲ့ထွင်ရန် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ် အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ပျက်စီးဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင် ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန် ရရှိနေသည့်အခြေအနေတွင် ယခုကဲ့သို့ မဆင်မခြင် လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရေး ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီး တိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် စီးပွားရေးဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများကို အခြေခံ၍ အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများဖြင့် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ကြပြီး ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

နိုင်ငံတော်မှ ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးကျန်းမာကြံ့ခိုင်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်စုံကြရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အသိပညာ၊ အတတ်ပညာရှိသူများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ယူခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ KG+9 ပြီးမြောက်အောင်မြင်သူများ အသက်မွေးဝမ်းကျောင်းမှုပညာများ သင်ယူနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီး လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို ဒေသအလိုက် လက်လှမ်းတမီ သင်ယူနိုင်ရေးကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ကျောင်းနေအရွယ် လူငယ်တိုင်းကျောင်းနေရေး၊ အချိန်မတိုင်မီ ကျောင်းထွက်မှုမရှိစေရေး၊ ပညာရေးကို ဆုံးခန်းတိုင်သင်ယူပြီးကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် သင်ကြားသင်ယူမွေးထုတ်ပေးနိုင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။ လူသားအားလုံးအတွက် ပညာရေးနည်းတူ ကျန်းမာရေးသည်လည်း အဓိကကျသဖြင့် နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု၊ အသိပညာပေးမှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ လူတိုင်းအသက်ရှည်ကျန်းမာအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ကြရန် လိုအပ်မည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်က ခေတ္တထိန်းသိမ်းရယူခဲ့ရပါသည်။ ထိုသို့ စတင်တာဝန်ယူချိန်မှစ၍ ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအရ လွှတ်တော်အစည်းအဝေးများကို မတ်လတွင် ကျင်းပမည်ဖြစ်ပြီး ပေါ်ထွက်လာမည့် အစိုးရအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များကို လွှဲအပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် သမိုင်းစဉ်ဆက် ရှိရင်းစွဲဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏ အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်**
**အေးချမ်းသာယာရေးကော်မရှင်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အစည်းအဝေးသဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်) ကြာသပတေးနေ့]

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် မရှိလျှင်မဖြစ်၊ မပါလျှင်မပြီး အရေးကြီးသော အချက် (၄) ချက်ကို တင်ပြလျှောက်ထားပါသည်ဘုရား။

ထိုအချက် (၄) ချက်မှာ-

(၁) ဘုရားရှင်၏အလိုဆန္ဒတော်၊

(၂) သာဝကများ ဆောင်ရွက်ရမည့်တာဝန်၊

(၃) သက်ဆိုင်ရာ အာဏာပိုင်များ၏ ကူညီပံ့ပိုးမှု၊

(၄) ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမများ၏ အသိမှန်အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှုတို့ပင် ဖြစ်ပါသည်ဘုရား။

ပထမအချက်ဖြစ်သော ဘုရားရှင်၏ အလိုဆန္ဒတော်ကို ရှေးဦးစွာလျှောက်ထားရပါလျှင် ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တသတ္တာဟလွန်မြောက်၍ အဋ္ဌမသတ္တာဟအရောက်တွင် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် မာရ်နတ်က "အရှင်ဘုရားဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့" စသည်ဖြင့် လျှောက်ထားတော်မူရာ ဘုရားရှင်က "မာရ်နတ် ငါ၏ တပည့်သာဝကများဖြစ်ကြသည့် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီးသူများ မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်ကြသေး၊ လောကုတ္တရာတရားနှင့်လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့အယူဝါဒကို သင်ယူ၍ မဟောနိုင်၊ မပြောနိုင်၊ မပြနိုင်၊ မတည်တံ့စေနိုင်၊ မဖွင့်ဆိုနိုင်၊ မဝေဖန်နိုင်၊ မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတစ်ပါးတို့ ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်" ဟု မိန့်တော်မူပါသည်။ (သံ၊ ၃၊ ၂၂၅)

ဘုရားရှင်သည် မိမိ၏တပည့်သာဝကများကို တတ်သိလိမ္မာ ရှိစေချင်သည်။ ကောင်းစွာ ဆုံးမပြီးသူ၊ ကောင်းစွာယဉ်ကျေးပြီးသူများ ဖြစ်စေချင်သည်။ ရဲရင့်သူ အကြားအမြင်များသူများ ဖြစ်စေချင်သည်။ တရားတော်ကို ဆောင်ထားနိုင်သူ၊ လောကုတ္တရာတရားနှင့် လျော်ညီသောအကျင့်ကိုကျင့်နိုင်သူ၊ လျောက်ပတ်သောအကျင့်ကို ကျင့်နိုင်သူ၊ တရားနှင့် လျော်စွာ ကျင့်လေ့ရှိသူများ ဖြစ်စေချင်သည်။ မိမိတို့၏ ဆရာ့ဝါဒကို သင်ယူ၍ ဟောနိုင်၊ ပြောနိုင်၊ ပြသနိုင်၊ တည်တံ့စေနိုင်၊ ဖွင့်ဆိုနိုင်၊ ဝေဖန်နိုင်၊ ပေါ်လွင်စေနိုင်သူများ ဖြစ်စေချင်သည်။ ပေါ်ပေါက်လာသော သူတစ်ပါးတို့၏ အယူဝါဒကို အကြောင်းနှင့်တကွ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို ဟောပြနိုင်သူများ ဖြစ်စေချင်သည်။ ဤဆိုခဲ့ပြီးသော အရည်အချင်းများနှင့် ပြည့်စုံကြပြီး မိမိ၏အဆုံးအမဒေသနာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြစေချင်သည်။ ဘုရားရှင်အနေဖြင့် သာဝကတို့အပေါ်၌ ဤမျှလောက်မြင့်မားသော အလိုဆန္ဒတော်ရှိတော်မူပါသည်ဘုရား။

ဒုတိယအချက်ဖြစ်သော သာဝကများ ဆောင်ရွက်ရမည့် တာဝန်အနေဖြင့် လျှောက်ထားရပါမူ ဘုရားရှင်၏သာဝက သာဝိကာများဖြစ်ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ဟူသမျှတို့သည် ဘုရားရှင်၏ အလိုဆန္ဒတော်ကို ပြည့်ဝအောင် ဖြည့်ဆည်းပေးရမည့် တာဝန်ရှိသူချည်း ဖြစ်ကြပါသည်။ ဘုရားရှင်၏ တပည့်သာဝက ဟူသမျှတို့သည် "ငါသည် ဘုရားရှင်၏ အလိုဆန္ဒတော်ကို မည်မျှအတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သူဖြစ်သနည်း" ဟု မိမိကိုယ်ကို အမြဲမပြတ်ဆန်းစစ်နေဖို့ လိုပါသည်ဘုရား။ ဤသို့ ဆန်းစစ်နေမှသာ ဘုရားရှင်၏ အလိုဆန္ဒတော်များ ပြည့်ဝအောင် ဖြည့်ဆည်းပေးလိုသည့် (ဝါ) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်လိုသည့်သဒ္ဓါတရား တဖွားဖွား တိုးတက်နေပါလိမ့်မည်ဘုရား။

ဘုရားရှင်၏ အလိုဆန္ဒတော် ပြည့်ဝအောင် ဖြည့်ဆည်းပေးရမည့် (ဝါ) ဘုရားရှင်ဖြစ်စေလိုသည့် ဂုဏ်အင်္ဂါ အရည်အချင်းနှင့်ပြည့်စုံ၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်ရမည့်တာဝန်မှာ ရဟန်းတော်များအတွက် သာသနာတော်ကို တရားဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းဟူသော ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်နှစ်မျိုးသာ ဖြစ်ပါသည်ဘုရား။ ဥပါသကာ ဥပါသိကာဒကာ ဒကာမများအတွက်မှာမူ သာသနာတော်ကို ပစ္စည်းလေးပါးဟူသော အာမိသဖြင့် ချီးမြှောက် ထောက်ပံ့ခြင်းဖြစ်သည့် အာမိသာနုဂ္ဂဟ တာဝန်မျိုးဖြစ်ပါသည်ဘုရား။ ယင်းသို့ တာဝန်အသီးသီးရှိကြရာ ဥပါသကာ ဥပါသိကာ ဒကာ ဒကာမ တို့ တာဝန်မှာ ကျေပွန်ပြီးဖြစ်သည်ဟု ဆိုရပါမည်ဘုရား။ အဘယ်ကြောင့်ဆိုသော် ယခုအခါ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင် စေတနာရှင်ပြည်သူအပေါင်းသည် သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးကို လုံ့လကြိုးကုတ်အားထုတ်ကြရာ၌ မငြိုမငြင်မပင်မပန်း ကြိုးပမ်းအားထုတ်နိုင်ကြစေရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော အာမိသတို့ကို လိုလေသေးမရှိ အပြည့်အဝ ထောက်ပံ့သည့်အနေဖြင့် ငွေကျင်ဘေးဖြစ်သည့် ကျောင်းတိုက်များအား အင်တိုက်အားတိုက် ထောက်ပံ့ခြင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စများ မလစ်ဟင်းစေရန် ဖြည့်ဆည်းပေးခြင်းများကို တွေ့မြင်နိုင်ကြပါသည်ဘုရား။



ဘုရားတပည့်တော်တို့ ရဟန်းတော်များဘက်ကလည်း ဂန္ထဓုရအတွက် ပရိယတ္တိစာသင်တိုက်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများက နှစ်စဉ်မပြတ် ပရိယတ္တိသာသနာတော်အတွက် တာဝန်ကျေကျေ ထမ်းဆောင်နေကြသည်ကို တွေ့မြင်ရသည်မှာ ယခုနှစ် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် (၁၈)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် တစ်ပါးပေါ်ထွန်းခြင်းနှင့် ဝဋ္ဋံသကာ ဂုဏ်ထူးရ ရဟန်းတော်တစ်ပါး ပေါ်ထွက်ခြင်း စသည်တို့က သက်သေပင်ဖြစ်ပါကြောင်း ဝမ်းမြောက်စွာ လျှောက်ထားလိုပါသည်ဘုရား။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်း ဘုရားသာဝက ရဟန်းတော်များအနေဖြင့် ပရိယတ္တိစာပေကျမ်းဂန် များ စဉ်ဆက်မပြတ်ပို့ချပေးခြင်း၊ အစိုးရပါဠိ ပထမပြန် စာမေးပွဲ၊ အစိုးရဓမ္မာ စရိယစာမေးပွဲ၊ သကျသီဟစာမေးပွဲ၊ စေတိယင်္ဂဏစာမေးပွဲ၊ အစိုးရနိကာယ်စာမေးပွဲ၊ မြို့နယ်ပေါင်းစုံရှိ သာမဏေကျော်စာမေးပွဲ စသည်များကို ကျင်းပလျက် ပရိယတ္တိကျမ်းဂန်တတ် ပညာရှင်များ ပေါ်ပေါက်စေရေး အားပေးချီးမြှောက်နေခြင်းတို့ကိုလည်း တွေ့မြင်နေရပါသည်ဘုရား။ အနီးစပ်ဆုံးအနေဖြင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၁-၁၂-၂၀၂၅ ရက်နေ့မှ ၂၂-၁-၂၀၂၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး စာဖြေသံဃာတို့၏ စိတ်အားထက်သန်မှု တိပိဋကဩဝါဒါစရိယဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၏ တာဝန်ယူမှု၊ ဥပဋ္ဌာကပုဂ္ဂိုလ်တို့၏ ကြောင့်ကြစိုက်ထုတ်မှု၊ ဒကာ ဒကာမတို့၏ သာသနာတော်အပေါ် အာမိသာနုဂ္ဂဟအားဖြင့် တာဝန်ကျေမှုတို့ကိုတွေ့ရှိရရာ အလွန်စိတ်အားထက်သန်စရာကောင်းလှပါသည်ဘုရား။ ဝိပဿနာဓုရအနေဖြင့်လည်း ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၏ နည်းလမ်းတကျ ဟောပြောပြသမှု ယောဂီအပေါင်း၏ စိတ်အားထက်သန်စွာ အားထုတ်မှုများကို ဆရာတော်ဘုရားများ လေ့လာတွေ့ရှိနိုင်ပါသည် ဘုရား။ ဤသို့ ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်များကို အားသွန်ကြိုးပမ်းထမ်းဆောင်နေကြရုံသာမက သာသနာ့ဂုဏ်သိန်ညှိုးမှိန်စေကြသည့် သာသနာပစ္စတ္ထိက သာသနာအတွင်းသား အန္တရာယ်သာသနာ့ပြင်ပအန္တရာယ်များကိုလည်း လျစ်လျူရှုတော်မမူကြဘဲ ညီညွတ်သော သံဃာအင်အားဖြင့် အထူးဂရုပြုဖယ်ရှားနိုင်ရေး ဆောင်ရွက်ကြရန်လည်း လျှောက်ထားလိုပါသည်ဘုရား။

ယနေ့ခေတ်ကာလ အားလျော်စွာ ဖေ့စ်ဘုတ်၊ တစ်တော့ခ် စသောလူမှုကွန်ရက်တွင် သာသနာတော်အတွင်းသား ရဟန်း သာမဏေ သီလရှင်များ၏ သမဏသာရုပ္ပ မဖြစ်သော အပြုအမူများ လွှင့်တင်ဆောင်ရွက်နေခြင်း၊ ဓမ္မဝိနယနှင့် မလျော်ညီဘဲ ဟောပြောပြသနေကြခြင်း၊ သာသနာအတွင်းသား မဟုတ်သည့် ပုဂ္ဂိုလ်များ၏ သာသနာတော်၏ ဂုဏ်ရှိန်ကို ညှိုးမှိန်စေသည့် ပြောဆိုပြုမူနေခြင်းများကိုလည်း မကြာခဏတွေ့မြင်နေရရာ ထိုသို့သော သာသနာတော် ဂုဏ်ရှိန် ညှိုးမှိန်စေသည့် ကိစ္စရပ်များအတွက် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် တာဝန်ဝတ္တရားများ ကျေပွန်နိုင်ရေး စိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်နေပါသည်ဘုရား။ ထိုကိစ္စရပ်များနှင့်ပတ်သက်၍ ဓမ္မစက်၊ အာဏာစက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ညီညွတ်သော သံဃာအင်အားကို အမှန်တကယ် လိုအပ်နေသည်ဖြစ်ရာ တပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအနေဖြင့်လည်း မိမိတို့၏ အခြေခံဒေသအတွင်း ကြောင့်ကြမဲ့မနေဘဲ အားဖြည့်ကူညီဆောင်ရွက်ပေးရေး လျှောက်ထားလိုပါသည်ဘုရား။

တတိယအချက်ဖြစ်သည့် သက်ဆိုင်ရာအာဏာပိုင်များ၏ ကူညီမှုများနှင့် ပတ်သက်၍ လျှောက်ထားရပါလျှင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး သုံးလအကြာ အရှင်မဟာကဿပအမှူးပြုသော ရဟန္တာအရှင်သူမြတ်ကြီးများ ပထမသံဂါယနာတင်ရာကာလတွင် အဇာတသတ်မင်းနှင့် ပြည်သူ ပြည်သားများ စသည်ဖြင့် သင်္ဂါယနာခြောက်တန်တင်သည့် အကြိမ်တိုင်း၌ မင်းနှင့်ပြည်သူများ၊ သက်ဆိုင်ရာအစိုးရနှင့် နိုင်ငံသူနိုင်ငံသားများက သာသနာတော်အတွက် တရားနှင့်လျော်သော အထောက်အပံ့ အကူအညီများ ပေးခဲ့သည့်နည်းတူ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးကြီးများ ကျင်းပခဲ့ရာ၌ နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ် သံဃာ့ဝန်ဆောင်အစည်းအဝေးများ ကျင်းပရာအခါ၊ အစားထိုးရွေးချယ်ပွဲများ ကျင်းပရာအခါ၊ မှုခင်းပြဿနာများ အကောင်အထည်ဖော်ရာအခါ၊ စာမေးပွဲရာသီအလိုက် စာမေးပွဲများ ကျင်းပရာအခါ စသည်တို့၌လည်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတို့၏ ကူညီပံ့ပိုးမှု၊ ဓမ္မစက်ကို အာဏာစက်ဖြင့် ကူညီမှု စသည်တို့ကို အမှန်တကယ် လိုအပ်ပါသည်ဘုရား။ သို့ဖြစ်၍ မိမိတို့အခြေခံဒေသအလျောက် သက်ဆိုင်ရာ အာဏာပိုင်တို့၏ ထောက်ပံ့ကူညီမှုတို့ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ပါသည်ဘုရား။

စတုတ္ထအချက်အနေဖြင့် ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာများ၏ အသိမှန်အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှုကို လျှောက်ထားရပါလျှင် ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြသည့်

စာမျက်နှာ ၅ သို့ ❖

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးပထမနေ့ ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၉

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဇောတိသာရက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက **"သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ"** အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၉၊ ၂၀၊ ၂၁ ရက်များအတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားကာ အစည်းအဝေးကြီး၏အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ ဖြစ်ကြသော မြင်းခြံမြို့ ချောင်းဒေါင်းပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကေလာသ၊ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွာဘဲတောင်ပေါ် ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္တရီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒနှင့် မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာသနတို့၏ ဩဝါဒကထာများကို နာယူကြသည်။

ယင်းနောက် အစည်းအဝေးသဘာပတိဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်)**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ၁၃၈၆ ခုနှစ် တပေါင်းလမှ ၁၃၈၇ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူ သွားကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာကဏ္ဍကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယက လည်းကောင်း ဖတ်ကြားတင်သွင်း လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကိုတွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ ဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသရနှင့် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ၊ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တ သိရီကဉ္စနာဘိဝံသတို့က ရှင်းလင်းပြန်ကြား လျှောက်ထားပြီး ပျံလွန်တော်မူသွားကြသော တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ကာ ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင် အဖြစ် ဦးသိန်းမောင်၊ ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❖ စာမျက်နှာ ၄ မှ

ဥပါသကာ၊ ဥပါသိကာများသည် "ပသာဒဗဟုလော ဟောတိ ဘိက္ခုသု ထေရေသု စေဝ နဝေသု မဇ္ဈိ မေသု စ" ဟူသော အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒုတိယပရိဟာနိသုတ်၊ ဝိပတ္တိသုတ်၊ ပရာဘဝသုတ်(အံ၊ ၂၊ ၄၁၆၊ ၄၁၇) တို့၌လာသော ဥပါသကာ၊ ဥပါသိကာတို့ မဆုတ်ယုတ်ကြောင်း၊ ပြည့်စုံကြောင်း၊ ဖြစ်ထွန်းကြီးပွားကြောင်း တရား ခုနစ်ပါးတို့အနက် တစ်ပါးအပါအဝင်ဖြစ်သော သီတင်းသိက္ခာကြီး၊ သီတင်းသိက္ခာငယ်၊ သီတင်းသိက္ခာလတ် ဖြစ်ကြကုန်သော ရဟန်းတော်တို့၌ များစွာကြည်ညိုတတ်သူများဖြစ်ကြရပါမည် ဘုရား။ ယင်းသို့ များစွာကြည်ညိုတတ်သူများ၊ ကြည်ညိုကြရာ၌ ဂန္ထဓုရဝိပဿနာဓုရ ဟူသော ဓုရနှစ်ပါးဖြင့်သာ လုံ့လကြီးကုတ်အားထုတ်နေသော ရဟန်းကောင်း ရဟန်းမြတ်တို့ကိုသာ ကြည်ညိုဆည်းကပ်တတ်ကြရန်လည်း အလွန်လိုအပ်ပါသည်ဘုရား။ ယခုခေတ်အချိန်ကုလဒူသန အနေသနအမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ရဟန်းဆိုးများ၊ အတ္တုက္ကံသန ပရဝမ္ဘန သဘောဆောင်ကာ လူမှုကွန်ရက်ပေါ်တွင် သာသနာတော်နှင့်မလျော်သည့် အလိုဆိုးရေးရှု၍ ဟောပြောပြသပြုမူလှုပ်ရှားနေကြသည့် အချို့သော သာသနပစ္စတ္ထိကများကို အစစ်အမှန်ထင်၍ ကိုးကွယ်မှု မပြုကြစေရန် ဥပါသကာ၊ ဥပါသိကာများ ကျေကျေလည်လည် သိရှိနားလည်သဘောပေါက်အောင် ဟောပြောဆုံးမပြုပြင်သွန်သင်ရမည့်တာဝန်မှာ ရဟန်းကောင်း၊ရဟန်းမြတ်တို့၏ကြီးလေးသော တာဝန်တစ်ရပ် ဖြစ်နေပါသည်ဘုရား။ သို့ဖြစ်ရာ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟု ဆုံးဖြတ်ထားပါလျက် ပေါ်ပေါ်ထင်ထင် ပြန်လည်အသက်သွင်းနေကြသောအစုအဖွဲ့များ၊ မိမိကိုယ်ကိုပင် သာသနာပြုအမည်ခံကာ သာသနာဖျက်နေကြသူများကို လျစ်လျူရှုထားတော်မမူကြဘဲ တားဆီးကာကွယ်တော်မူကြလျက် ဗုဒ္ဓသာသနာတော် အစစ်အမှန်ကို ဥပါသကာ ဥပါသိကာများ အသိအမြင်မှန်ဖြင့် ကိုးကွယ်ဆည်းကပ်နိုင်ကြစေရန် ဆုံးမသွန်သင်တော်မူကြပါဟု လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီးကာလတွင်လည်း မာရ်နတ်က ပရိနိဗ္ဗာန်ပြုတော်မူပါဟု လျှောက်ထားလာခဲ့ရာ မြတ်စွာဘုရားရှင်က တပည့်သာဝကများဖြစ်သော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့ကို ယုံကြည်တော်မူသဖြင့် ပရိနိဗ္ဗာန်ပြုတော်မူမည်ဟု မိန့်ကြားတော်မူခဲ့ပါသည်ဘုရား။ ဘုရားရှင်တော် ယုံကြည်တော်မူခဲ့သည့်အတိုင်း ဘုရားရှင်၏ အလိုဆန္ဒတော်ကို သိရှိတော်မူကြပြီး သာဝကများ ဆောင်ရွက်ရမည့်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်တော်မူကြလျက် ခေတ်အားလျော်စွာသက်ဆိုင်ရာ အာဏာပိုင်အစိုးရမင်းတို့၏ အကူအညီအထောက်အပံ့ကို ရယူကာ နောက်ဆုံးအချက်ဖြစ်သော ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာများ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်စေရန် ဟောပြောပြသ ဆုံးမတော်မူကြပြီး ဘုရားရှင် ယုံကြည်တော်မူသည့်အတိုင်း သာသနာပြုစိတ်ဓာတ် အပြည့်အဝထားတော်မူကြလျက် အားသွန်ကြိုးပမ်း ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)မှ ရေသန့်စင်စက်ပေးအပ်ခြင်းနှင့် MSME Grant ပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ လှူဒါန်းမှု၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)မှ ဦးဆောင်မှုဖြင့် ရေသန့်စင်စက်များပေးအပ်ခြင်းနှင့် MSME Grant ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရတနာပုံဈေး(၄)လွှာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)ဥက္ကဋ္ဌ ဦးတင်လတ်၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အသင်းဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားကို လည်းကောင်း၊ (MRCCI) အသင်းဥက္ကဋ္ဌက ထောက်ပံ့ပေးအပ်ရသည့် ရည်ရွယ်ချက်များနှင့် အသင်း၏လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ပြောကြားခဲ့ပြီး စီးပွားရေးရာဝန်ကြီး၏ရှေ့မှောက်တွင် MSME Grant ရရှိသူ ငါးဦးနှင့် (MRCCI) အကြား လက်ခံစာချုပ်များ ရေးထိုးခဲ့ကြသည်။

၎င်းနောက် စီးပွားရေးရာဝန်ကြီး၊ MRCCI အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးတို့က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ လှူဒါန်းသည့် ရေသန့်စင်စက် ၁၂ လုံးကို မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဝန်ထမ်းအင်အား ၁၀၀ ဦးနှင့်အထက်ရှိ စက်ရုံများမှ ဝန်ထမ်းများအတွက် စက်ရုံလုပ်ငန်းရှင် ၁၂ ဦးထံသို့လည်းကောင်း၊ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့သည့် MSME လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်နိုင်ရေး အထောက်အပံ့ဖြစ်စေရန် Grant ရရှိသူ လုပ်ငန်းရှင်ငါးဦးအား တစ်ဦးလျှင် မ,တည်ရင်းနှီးငွေကျပ် သိန်း ၉၀ ဖြင့် စုစုပေါင်းငွေကျပ်သိန်း ၄၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် လက်ခံရရှိသူများက ကျေးဇူးတင်စကားများကို ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေဂါလန် ၆၄၀၀ လှူဒါန်း




**ညောင်ဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့်သုမင်္ဂလာရေလှူတော်အသင်းက ဖေဖော်ဝါရီ ၁၈ ရက်က ညောင်ဦးမြို့နယ်၊ ကျဲကျေးရွာနှင့် မန်ကျည်းစောက်ကျေးရွာသို့ သွားရောက်၍ သောက်သုံးရေလိုအပ်နေသော ကျေးရွာနေပြည်သူများအား သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၆၄၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေလှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ် ကကျဲကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ မန်ကျည်းစောက်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ စုစုပေါင်း ရေဂါလန် ၆၄၀၀အား ပွင့်လင်းရာသီကာလ သောက်သုံးရေ အဆင်ပြေစွာ သုံးစွဲနိုင်ရန်အတွက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၄၄၅)**

## မုံရွာမြို့ ကန်သာယာညဈေး(Night Market) ဖွင့်လှစ်မည်

**မုံရွာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းဒေသကြီး၊ မုံရွာမြို့၌ အပန်းဖြေလိုသူများ၊ ညဘက်ဈေးဝယ်လိုသူများအတွက် ကန်သာယာညဈေး(Night Market)ကို အရှေ့ဘက်ကန်သာယာတောင်ဘက်ကွင်းတွင် ၁၂ ပေပတ်လည်ရှိ ဈေးဆိုင်ခန်းပေါင်း ၁၁၀ ခန်း တည်ဆောက်ပြီး ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

အရှေ့ဘက်ကန်သာယာ၏ တောင်ဘက်ကွင်း၌ ဈေးဆိုင်ပေါင်း ၁၁၀ ကို ညဈေးအဖြစ် ခင်းကျင်းရောင်းချပေးမည်ဖြစ်သည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များပါ ဆောင်ရွက်ပေးမည်ဖြစ်၍ နေ့ပိုင်းမအားလပ်သူများ၊ ဝန်ထမ်းများ၊ ညပိုင်းအပန်းဖြေလိုသူများအတွက် တေးသံသာများနှင့်အတူ ကန်သာယာ၏ ညရှုခင်းကိုခံစားရင်း လိုအပ်သည့် စားသောက်ကုန်များကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ ချင်းတွင်းရတနာဈေး၊ သာစည်ဈေး၊ ဗန္ဓုလဈေး၊ အောင်ချမ်းသာဈေးစသည့် ဈေးများတွင် ဒေသထွက်ကုန်များ၊ စားသောက်ကုန်များ၊ အဝတ်အထည်များကို နေ့ဖက်တွင်သာ ဖွင့်ပေးသဖြင့် နေ့ပိုင်းတွင် အလုပ်လုပ်နေသူများ၊ ဝန်ထမ်းများ၊ နေ့ပိုင်းမအားလပ်သူများအတွက် ဈေးဝယ်ယူရန် အခက်အခဲဖြစ်လျက်ရှိသည်။

ထို့အပြင် မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ ကျောက္ကာလမ်းရှိ မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာကိုလည်း မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာတွင် ပင်မအဆောက်အအုံလေးခုပါရှိပြီး ဆိုင်ခန်းပေါင်း ၄၁ ခန်းပါရှိသည်။

စင်တာတွင် မော်တော်ကားပစ္စည်းနှင့် ကားအလှဆင်ပစ္စည်းအရောင်းဆိုင် ၁၀ ဆိုင်၊ မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်း ရှစ်ခု၊ ကားရေဆေးဆီလိုက်လုပ်ငန်းတစ်ခု၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင် ရှစ်ဆိုင်၊ စားသောက်ဆိုင် ကိုးဆိုင်၊ ဆံသနှင့်အလှပြင်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၃၉၄)**

## တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် သင်တန်းပို့ချ

**မြို့သစ် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အွန်လိုင်းစနစ်ဖြင့် သင်ခန်းစာပို့ချခြင်းကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ဝါးကြီးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့၌ သင်တန်းပို့ချပေးလျက်ရှိသည်။

အဆိုပါ အွန်လိုင်းစနစ်ဖြင့် သင်တန်းပို့ချခြင်းကို မြေပြင်သာကျေးရွာ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၈ ဦး၊ အခြေခံပညာအထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၁၁၅၀ ဦး စုစုပေါင်း ၁၁၉၈ ဦး၊ ဆရာ၊ ဆရာမ စုစုပေါင်း ၁၄၇ ဦးတက်ရောက်ကာ သင်တန်းကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ မကွေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

**၀-၀-၀-၀-၀**



## တောင်သူအကျိုးပြု ကုန်ပစ္စည်းအရောင်းပွဲတော် ကျင်းပ

**ရပ်စောက် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့ ရဿဝတီခန်းမ၌ ပြောင်းလုပ်ငန်းအသင်း(ခွဲ) ရပ်စောက်မြို့နယ် ပြောင်းလုပ်ငန်းအသင်းမှစီစဉ်၍ ဂွတ်ဒ်ဘရားသားစ်ကုမ္ပဏီမှ ကျင်းပပြုလုပ်သော တောင်သူအကျိုးပြုကုန်ပစ္စည်းအရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲ ကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှု၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းပြခဲ့ကြသည်။ ဆက်လက်၍ ရပ်စောက်မြို့နယ် ပြောင်းလုပ်ငန်းအသင်းကိုယ်စား အတွင်းရေးမှူး ဦးရဲထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရှမ်းပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ဘဏ်မှ လုပ်ဆောင်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် Good Brother Companyကိုယ်စား ဦးစိုးကျော်သူက ကျေးဇူးတင်စကားပြောကြားကာ Kubota Myanmar ကုမ္ပဏီနှင့် GBS ကုမ္ပဏီမှ တာဝန်ရှိသူများက ကုမ္ပဏီအကြောင်းနှင့် ထုတ်ကုန်များအား အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့ကြသည်။

၎င်းနောက် တက်ရောက်လာသော ဧည့်သည်တော်များနှင့် ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းရာကုမ္ပဏီမှ တာဝန်ရှိသူက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**




## သမ္မတ ဗလာဒီမာပူတင်က ကျူးဘားနိုင်ငံခြားရေးဝန်ကြီးအား ရုရှားနိုင်ငံ ကရင်မလင်နန်းတော်၌ လက်ခံတွေ့ဆုံ



**မော်စကို ဖေဖော်ဝါရီ ၁၉**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရော့ဒရီဂွက်ဇ်နှင့် ယမန်နေ့က ကရင်မလင်နန်းတော်၌ တွေ့ဆုံခဲ့ပြီး ကွန်မြူနစ်အုပ်ချုပ်သော ကျူးဘားကျွန်းနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်အသစ်များသည် လက်ခံနိုင်ဖွယ်မရှိဟု ပြောကြားလိုက်ကြောင်း သိရသည်။

ကျူးဘားနိုင်ငံသို့ ရေနံတင်သွင်းမှု ပြတ်တောက်စေရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုကို တုံ့ပြန်နိုင်ရန်အတွက် ရုရှားနိုင်ငံအနေဖြင့် ဟာဗားနားမြို့သို့ ရုပ်ဝတ္ထုပစ္စည်းအထောက်အပံ့များ အပါအဝင် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ရုရှားအဆင့်မြင့်သံတမန်တစ်ဦး ယခင်အပတ်က ထုတ်ဖော်ပြောကြားသည်။

လက်ရှိကာလသည် ပိတ်ဆို့အရေးယူမှုအသစ်များ ရှိနေသည့် ထူးခြားသောကာလဖြစ်ပြီး ထိုအခြေအနေအပေါ် ရုရှား၏ သဘောထားကို သိရှိပြီးဖြစ်ကြောင်း ပူတင်က ရော့ဒရီဂွက်ဇ်ကို ပြောကြားသည်။

မိမိတို့အနေဖြင့် ယင်းကဲ့သို့သော လုပ်ဆောင်ချက်မျိုးကို မည်သို့မျှ လက်ခံမည်မဟုတ်ဟု ပူတင်က ထပ်လောင်းပြောကြားကြောင်း သိရသည်။

**Mon**

**0-0-0-0-0-0**

## မြောက်ကိုရီးယား အာဏာရအလုပ်သမားပါတီ ညီလာခံမတိုင်မီ နျူလက်နက် တပ်ဆင်နိုင်သော ဒုံးပစ်စင် ၅၀ ကို ထုတ်ဖော်ပြသ



**ပြုံယမ်း ဖေဖော်ဝါရီ ၁၉**

မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရ အလုပ်သမားပါတီ ညီလာခံမတိုင်မီ နျူကလီးယား လက်နက် တပ်ဆင်နိုင်သော ဒုံးပစ်စင် အစုံလိုက်ကို ခေါင်းဆောင် ကင်မ်ဂျောင်အွန်းက ထုတ်ဖော်ပြသခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ကျင်းပသော အခမ်းအနားတွင် ကင်မ်ဂျောင်အွန်းက အဆိုပါ ၆၀၀ မီလီမီတာ အရွယ်အစားရှိ ဒုံးပစ်စင်များကို အံ့အားသင့်ဖွယ်ကောင်းပြီးဆွဲဆောင်မှုရှိသော လက်နက်များအဖြစ် ချီးကျူးပြောကြားခဲ့ကာ ရှေ့လာမည့် ပါတီညီလာခံတွင် စစ်ရေးနှင့် တည်ဆောက်ရေးဆိုင်ရာ ရည်မှန်းချက်အသစ်များကို ချမှတ်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောဆိုသည်။

ယင်းကဲ့သို့သော ဒုံးပစ်စင် အခုရေ ၅၀ ကို မြောက်ကိုရီးယား ခဲယမ်းမီးကျောက်စက်ရုံအလုပ်သမားများက တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီ (ကေအင်န်စီအေ)က ထုတ်ပြန်ကြေညာသည်။

အဆိုပါလက်နက်ကို အမှန်တကယ် အသုံးပြုလာပါက မည်သည့်အင်အားစုမျှ ဘုရားသခင်၏ စောင့်ရှောက်မှုကို မျှော်လင့်နိုင်တော့မည်မဟုတ်ဟု ကင်မ်ဂျောင်အွန်းက ပြောကြားလိုက်ကြောင်း သိရသည်။

**Mon**

## အိန္ဒိယနိုင်ငံအတွက် ပထမဆုံး လျှပ်စစ်ကားကို ဆူဇူကီးမော်တော်ကားကုမ္ပဏီ စတင်မိတ်ဆက်

**ဒေလီ ဖေဖော်ဝါရီ ၁၉**

ဆူဇူကီး မော်တော်ကားကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် ၄င်းတို့၏ ပထမဆုံး လျှပ်စစ်ကားကို ယမန်နေ့က စတင်မိတ်ဆက်ခဲ့ပြီး ဝယ်ယူသူများအနေဖြင့် ကနဦးကုန်ကျစရိတ် လျှော့ချနိုင်ရန်အတွက် ဘက်ထရီငှားရမ်းမှုအစီအစဉ်ကိုပါ ထည့်သွင်းပေးထားကြောင်း စီအင်န်အေ သတင်းဌာန ကဖော်ပြသည်။

ယင်းကဲ့သို့သော ဘက်ထရီ ၄ှားရမ်းမှုပုံစံကို ယခင်က အက်စ်အေအိုင်စီ မော်တော်ကားကုမ္ပဏီ၏ အိန္ဒိယ ဖက်စပ်လုပ်ငန်းတစ်ခုကသာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ မော်ဒယ်လ်မျှဝေမှု မိတ်ဖက်အစီအစဉ်အရ တိုယိုတာကုမ္ပဏီနှင့် ပူးပေါင်းထုတ်လုပ်ထားသော အီးဗီတာရာအမျိုးအစား အက်စ်ယူဗွီကားများကို ယမန်နှစ် သြဂုတ်လကတည်းက အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ အစီးရေ ၁၃,၀၀၀ တင်ပို့ခဲ့သည်။

ဆူဇူကီး၏ အိန္ဒိယလက်အောက်ခံ မာရုတီးဆူဇူကီး ကုမ္ပဏီသည် အဆိုပါ အက်စ်ယူဗွီကား၏ အခြေခံမော်ဒယ်လ်ကို အိန္ဒိယရူပီး ၁ ဒသမ ၁ သန်း (အမေရိကန်ဒေါ်လာ ၁၂,၁၀၀ ခန့်)ဖြင့် စတင်ရောင်းချခဲ့သည်။

ယင်းဈေးနှုန်းနှင့်အတူ တစ်ကီလိုမီတာလျှင် ၃ ဒသမ ၉၉ ရူပီး ကျသင့်မည့် ဘက်ထရီငှားရမ်းခ အစီအစဉ်ကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

**Mon**




## ဟိုဆေးမာရီယာ ဘယ်လ်ကာဇာကို ကြားဖြတ်သမ္မတ ခန့်အပ်ရန် ဟိုဆေးဟီရီ ရာထူးမှ ဖယ်ရှားခံရပြီး လွှတ်တော်က မဲခွဲဆုံးဖြတ်



**လီမာ ဖေဖော်ဝါရီ ၁၉**

ပီရူးနိုင်ငံတွင် လက်ယာယိမ်းခေါင်းဆောင် ဟိုဆေးဟီရီ ရာထူးမှ ဖယ်ရှားခံရပြီး တစ်ရက်အကြာတွင် တရားသူကြီးဟောင်းနှင့် လက်ဝဲယိမ်း လွှတ်တော်အမတ်ဖြစ်သူ ဟိုဆေးမာရီယာ ဘယ်လ်ကာဇာကို ကြားဖြတ်သမ္မတအဖြစ် ခန့်အပ်ရန် လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ကြောင်း စီအင်န်အင်န်သတင်း ဌာနက ဖော်ပြသည်။

ယမန်နေ့က ပြုလုပ်ခဲ့သော မဲခွဲမှုသည် ဆယ်စုနှစ်တစ်ခုအတွင်း ပီရူးနိုင်ငံ၏ ကိုးဦးမြောက် သမ္မတကို ပေါ်ထွက်လာစေခဲ့သော်လည်း ဘယ်လ်ကာဇာ၏ သက်တမ်းမှာမူ တိုတောင်းမည် ဖြစ်သည်။

နောက်ထပ် ၅၃ ရက်အကြာ ဧပြီ ၁၂ ရက်တွင် နိုင်ငံ အတွင်း သမ္မတသစ်တစ်ဦး ရွေးချယ်ရန်အတွက် ဆန္ဒမဲပေးပွဲကျင်းပမည်ဖြစ်ရာ အကယ်၍ မည်သည့်ကိုယ်စားလှယ်လောင်း မျှ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော် မရရှိပါက ဒုတိယအကျော့ ရွေးကောက်ပွဲကို ဇွန်လတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပုံမှန်အားဖြင့် ပီရူးနိုင်ငံ၏ ရွေးကောက်ခံသမ္မတများသည် ဇူလိုင်လနှောင်းပိုင်းတွင် ကျရောက်သော လွတ်လပ်ရေးနေ့၌ ကျမ်းသစ္စာကျိန်ဆိုလေ့ရှိကြပြီး ထိုအခမ်းအနားက ဘယ်လ်ကာဇာ၏ ခေါင်းဆောင်မှုသက်တမ်းကို ကုန်ဆုံးစေမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်တွင် ဆောင်းမုန်တိုင်းကြောင့် တောမီးများ တောက်လောင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အတော်များများတွင် ဆောင်းနှောင်းကာလ အားကောင်းသော မုန်တိုင်းတစ်ခုကြောင့် လေပြင်းများ တိုက်ခတ်လျက်ရှိကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပြင်းထန်သော လေတိုက်ခတ်မှုများကြောင့် ကော်လိုရာဒိုပြည်နယ် အရှေ့ဘက်လွင်ပြင်ဒေသရှိ တောမီးများ ပိုမိုကူးစက်လောင်ကျွမ်းခဲ့ပြီး အင်္ဂါနေ့တွင် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းစေခဲ့သည်။

ကော်လိုရာဒို အရှေ့ပိုင်းဒေသတွင် ဗုဒ္ဓဟူးနေ့၌ တောမီး လောင်ကျွမ်းနိုင်ခြေ ပိုမိုမြင့်မားပြီး စိုးရိမ်ရသည့် အခြေအနေနှင့် ထပ်မံရင်ဆိုင်နေရသည်။

ဒင်န်ဗာမြို့၏ အရှေ့တောင်ဘက် ၇၅ မိုင်ခန့်အကွာ လိုင်မွန်မြို့အနီးရှိ မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့မှစတင်ကာ လျင်မြန်စွာ ကူးစက်တောက်လောင်ခဲ့သည့် တောမီးကို ထိန်းချုပ်နိုင်ခဲ့သည်။ အဲလ်ဘတ်နှင့် လင်ကွန်းခရိုင်အတွင်းရှိ တောမီးလောင်ကျွမ်းမှုကြောင့် မြေဧက ၅,၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သည်။

ယမန်နေ့ နှောင်းပိုင်းတွင် တောမီးသတိပေးချက်၊ လေပြင်းသတိပေးချက်နှင့် အရေးပေါ် အခြေအနေ ထုတ်ပြန်ထားပြီး အနောက်ဘက်မှ တစ်နာရီလျှင် ၅၅ မိုင်နှုန်းဖြင့် လေပြင်းများ တိုက်ခတ်နေကာ ပုံမှန်လေတိုက်နှုန်းမှာ ၃၅ မိုင်အထိ ရှိနေသည်။

ထို့ပြင် လေထုအတွင်းရှိ စိုထိုင်းဆမှာ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း ကော်လိုရာဒိုပြည်နယ် မီးဘေးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**Mon**



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**အောင်လံ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်၍ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကန်ကြီးရပ်ကွက်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ အင်ဂျင်နီယာမှူး ဦးထွန်းသူအောင်က မြို့မဈေးအတွင်း ဖွဲ့စည်း တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။



ထို့နောက် လက်တွေ့လေ့ကျင့်မှုကဏ္ဍတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆီမီးငြိမ်းသတ်ခြင်းနှင့် ဂက်စ်မီးငြိမ်းသတ်ခြင်းနည်းစနစ်များအား လက်တွေ့သရုပ်ပြခြင်း၊ မီးသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ စုစုပေါင်း ၁၁ စီးဖြင့် မီးငြိမ်းသတ်မှုပုံစံငယ်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ သန္နွမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် မြို့ပေါ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ ဦးတို့က ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

မီးဇာတ်တိုက်လေ့ကျင့်ရာသို့ အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးသူ၊ ဈေးသားများ စုစုပေါင်း အင်အား ၁၈၀ ဦး တက်ရောက်ခဲ့ကြပြီး ဇာတ်တိုက်လေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အာကာ(ပြန်/ဆက်)**



## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၄၅ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီ မိနစ် ၂၀ အထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ထီဗွာကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ နားမွန်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၇ ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်နှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ကျိုင်းတုံ-လေယာဉ်ကွင်းသွား ကားလမ်းမကြီးပေါ်၌ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုင်းတုံမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ စိုင်းနိုင်မင်းထွန်း(၃၀)နှစ်ဆိုသူ မောင်းနှင်သည့် HONDA CRV မော်တော်ယာဉ်သည် လမ်းပြောင်းပြန် ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စိုင်းနိုင်မင်းထွန်းဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် ကရင်ပြည်နယ်၊ မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လိုင်စင်မဲ့မော်တော်ယာဉ်များ ရောင်း/ဝယ်ပြုလုပ်သူများ အမှတ်(၅)ရပ်ကွက်၌ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ အမှတ်(၃)ရပ်ကွက်နေ အောင်မြင့်မြတ်(ခ)ကျော်စိုး(၃၃)နှစ်ဆိုသူအား HONDA INSIGHT မော်တော်ယာဉ်နှင့် အမှတ်(၂)ရပ်ကွက်နေ သိန်းနိုင်(၄၂)နှစ်ဆိုသူအား HONDA INSIGHT မော်တော်ယာဉ်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး အဆိုပါ မော်တော်ယာဉ်များနှင့်ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်မြင့်မြတ်(ခ)ကျော်စိုးနှင့် သိန်းနိုင်ဆိုသူနှစ်ဦးတို့အား မြဝတီမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

**မဆင်မခြင် မောင်းနှင်မှု အသက်ပေါင်းများစွာ အန္တရာယ်ပြု။**

## ရေနံချောင်းမြို့ အမှတ်(၄)ရပ်ကွက်၌ ဂိုထောင်မီးလောင်မှု ဖြစ်ပွား

**ရေနံ ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရေနီစက္ကူစက်ရုံဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၄ နာရီ မိနစ် ၅၀ က ပိုင်ရှင် ဦးခင်မောင်အေး(၅၇)နှစ်၏ ပေ(၁၅၀×၅၀)၊ အုတ်ကျွတ်မိုး၊ အုတ်ညှပ်၊ ဂိုထောင်တစ်လုံးအတွင်း၌ ဂျုင်း(ချင်း)နှင့် ဝဥများအား ထင်းမီးဖြင့် အခြောက်ခံနေစဉ် မီးဖိုမှတစ်ဆင့်အနီးရှိ အထပ်သားပြားအား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရေတာရှည်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၁၁ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၁၅၀×၅၀)၊ အုတ်ကျွတ်မိုး၊ အုတ်ညှပ်၊ ဂိုထောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် တာဝန်ခံ ဦးချစ်ဝေဖြိုးအား ရေနီနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စစ်ကိုင်းမြို့ တောတောင်ဘီလူးကျောင်းတွင် ကားမီးလောင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက် တောတောင်ဘီလူးကျောင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၅ နာရီခွဲခန့်က ကားမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းခရိုင် မီးသတ်စခန်းမှ သိရသည်။

ကားမီးလောင်မှုကို သတင်းရလျှင်ရချင်း စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ်သုံးစီး၊ စိန်ကုန်းအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ထုံးဘိုအရန်မီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီး၊ သုခကာရီ လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ သီတဂူရေအလှူတော်မှ ရေသယ်ယာဉ် တစ်စီး၊ အိုးဘိုလူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ သန္နွမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းသားများဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ မီးလောင်မှုအား မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်ရှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ညနေ ၅ နာရီ ၂၅ မိနစ်ခန့်မှ စတင်လောင်သော မီးသည် ညနေ ၆ နာရီ ၁၆ မိနစ်တွင် မီး လုံးဝငြိမ်းသွားကြောင်း သိရသည်။

(၃၉၄)

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီ မိနစ် ၅၀ က မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ခင်မောင်ဆန်း(ခ)လောင်းလု ဆိုသူ မောင်းနှင်ပြီး အေးဆန်ဆိုသူ လိုက်ပါလာသည့် TOYOTA COROLLA အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဆီခဲအလေးချိန် ၈ ဒသမ ၂ ကီလို၊ ဘိန်းစိမ်းအလေးချိန် ၄ ဒသမ ၂ ကီလိုနှင့် မြန်မာငွေကျပ် ၂ ဒသမ ၅ သိန်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခင်မောင်ဆန်း(ခ)လောင်းလု(၅၅)နှစ်နှင့် အေးဆန်(၅၆)နှစ် ဆိုသူတို့အား မိုးညှင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

✱-✱-✱-✱-✱-✱-✱

# အိုဘယ့်ချင်းမိုင်(၁၈)



'ဇင်းမယ်သူ'
မူရာရယ် ယဉ်ကျေးလို့
နှုတ်ရေးတစ်မျှ လှခေါင်တင်၊
လက်အုပ်ကလေး တချီချီနဲ့
'ဆဝါသီခ' ရယ်လို့
ခွန်းစသူပင် ။

**'ထိုင်းမြောက်ပိုင်းရိုးရာ အစားအစာများ'**

ဒီနေ့ချင်းမိုင်မြို့ ဖုရာမဟိုတယ်မှာ တတိယည ခရီးစဉ်က မနက်ဖြန် ချင်းမိုင်ကို နှုတ်ဆက်ပြီး ချင်းရိုင်မှတစ်ဆင့် မယ်ဆိုင်ကို ပြန်ရပါတော့မယ်။ နံနက်ပိုင်း မယ်ဆိုင်ရှိ ချူအီဖန် လက်ဖက်ခြံကို လေ့လာပြီး ထိုမှ ကမ်းကူးကာ တာချီလိတ်-ရန်ကုန် မန်းရတနာပုံ လေကြောင်းလိုင်းဖြင့် အမိမြန်မာပြည်ကို ပြန်ဖို့ပါ။ ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ ဒေသန္တရလေ့လာရေးခရီးစဉ်ကို ဦးဆောင်သူ အိပ်မက်ခရီး(Dream Journey) ခရီးသွားကုမ္ပဏီက ဒီညမှာပဲ ချင်းမိုင်မြို့ 'ခုန်ကော' ရပ်ကွက်ရှိ ထိုင်းရိုးရာစားသောက်ဆိုင်ကို လေ့လာဖို့နဲ့ အပန်းဖြေစားသောက်ဖို့ လိုက်ပို့ပေးပါတယ်။ ဒီဆိုင်ဟာ ရိုးရာဂီတအကအလှနဲ့ ရိုးရာအစားအသောက်ကို တွဲဖက်ရောင်းချတဲ့ဆိုင်ဖြစ်လို့ ကြုံတောင့်ကြုံခဲ လေ့လာခွင့်ရတဲ့အတွက် ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရပြန်တယ်။

တကယ့်တော့ ချင်းမိုင်(ဇင်းမယ်)ရိုးရာအစားအစာတွေဟာ လန်နရိုးရာချက်နည်းချက်ဟန်တွေနဲ့ ချက်ပြုတ်ထားတဲ့ အစားအစာတွေပါပဲ။ တချို့က မြန်မာဟန် မကင်း၊ တချို့ဟင်းလျာတွေက ကျွန်တော်အမှုထမ်းဘဝနဲ့ ကျင်လည်ခဲ့တဲ့ ရှမ်းအရှေ့ဒေသ မိုင်းဖြတ်၊ မိုင်းယောင်းဒေသခံတိုင်းရင်းသားတွေရဲ့ ချက်နည်းချက်ဟန်တွေနဲ့ တူပါတယ်။ ဆန်ကို အဓိကစားသုံးတဲ့ အာရှနိုင်ငံတွေရဲ့ ယဉ်ကျေးမှုမှာ ဟင်းလျာအများစုကို ပေါင်းကြွယ်ဝတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေနဲ့ ချက်ပြုတ်စီမံလေ့ရှိပါတယ်။ အတိတ်သမိုင်းကို ပြန်ကြည့်တဲ့အခါ ကိုလိုနီနယ်ချဲ့ ခေတ်ဦးမှာ စပိန်နှင့်ဒတ်(ချ်)တို့က အရှေ့တောင်အာရှကို နယ်ချဲ့ရာမှာ ဟင်းခတ်အမွှေးအကြိုင်တွေဟာ အဓိကအခန်းကဏ္ဍမှ ပါဝင်နေတာကို တွေ့ရပါတယ်။

ထိုအချိန်က ဂျာဗားကျွန်းအပါအဝင် အရှေ့တောင်အာရှကျွန်းစုတွေဟာ ဟင်းခတ်အမွှေးအကြိုင်တွေ အများဆုံးထွက်တဲ့ ကျွန်းတွေပါ။ ရိုးရာအစားအစာချက်နည်း၊ ပြုတ်နည်းတွေကို ထိန်းသိမ်းပြီး ဒေသရိုးရာ အစားအစာအဖြစ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး နည်းလမ်းတစ်သွယ်အဖြစ် မျက်မှောက်ကာလမှာ ဆောင်ရွက်လာကြတာကို တွေ့ရပါတယ်။ တစ်ဖက်မှာလည်း မိမိတို့နိုင်ငံရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်ပြသရာ ရောက်ပါတယ်။

ချင်းမိုင်ကို အခြေပြုတဲ့ ထိုင်းနိုင်ငံမြောက်ပိုင်းရဲ့ ဟင်းလျာတွေနဲ့ အစားအစာတွေဟာ မြန်မာနဲ့ တရုတ်ချက်နည်းချက်ဟန်တွေ လွှမ်းမိုးနေတယ်လို့ သုတေသီတွေက မှတ်ချက်ပြုပါတယ်။ သာဓကအနေနဲ့ ချင်းမိုင်ခေါက်ဆွဲ (Khao Soi) မြန်မာနိုင်ငံက အုန်းနို့ခေါက်ဆွဲနဲ့ တူပါတယ်။ အထူးစီမံထားတဲ့ ဝက်အူချောင်း(Soi Oua)၊ မြန်မာဟန်လွှမ်းနေတဲ့ ထမင်းနဲ့ဟင်းလျာများ (Sticky-Rice)၊ ဟင်းရွက်မျိုးစုံနဲ့ အသားကို ငရုတ်ဆီနဲ့ ချဉ်စပ်နဲ့ တို့စားရတဲ့ ဟင်းလျာ၊ အမွှေးအကြိုင်အနံ့အရသာတွေနဲ့ ပြည့်စုံအောင် စီမံထားတဲ့ ဝက်သားစင်းကော၊ အမွှေးအကြိုင်ပေါင်းစုံ၊ မန်ကျည်းမှည့်နဲ့ စီမံထားတဲ့ ဝက်ဝမ်းဗိုက်သားချက်(Miang Kham)နဲ့ မြန်မာဆန်ဆန် ဝက်နံကင်ဟင်းလျာတွေပါပဲ။

**'ဒီဆိုင်ရဲ့ အသွင်အပြင်'**

နှစ်ရှည်သစ်ပင်ကြီးများကို နောက်ခံပြုထားတဲ့ ဆိုင်ရဲ့အဝင်မုခ်ဦးဟာ ညဥ့်ဦးယံမာကျူရီ မီးတိုင်ကြီးများရဲ့ အလင်းရောင်အောက်မှာ သာယာအေးချမ်းသော အသွင်ကို ဆောင်နေပါတယ်။ ထူးခြားတာက သူတို့အလေးအမြတ်ပြုရာ ထိုင်းတော်ဝင်မင်းသမီးတစ်ပါးရဲ့ မတ်ရပ်ဓာတ်ပုံကြီးကို စိုက်ထူထားတာပါ။ ဓာတ်ပုံကြီးဟာ ကနုတ်ထွင်းဓာတ်ပုံပေါင်ကြီးအတွင်းမှာ တင့်တယ်နေပါတယ်။ ရွှေစလွယ်ကို ဘယ်ပခုံးမှ ညာဘက်ဘေးတင်ပါးအထိ စလွယ်သိုင်းချထားတယ်။ ဓာတ်ပုံပေါင်ရဲ့ အခြေအုတ်ခုံပေါ်မှာ လန်နရိုးရာဟန်၊ ဆွမ်းတော်အုပ်ပုံကြာဖူးကြီးနှစ်ခု၊ ကြာဖူးငယ်တစ်ခု၊ ကန်တော့ပွဲတစ်ခုနဲ့ပါ အလေးအမြတ်ပြုထားတာကို တွေ့ရပါတယ်။ နောက်ခံပြုထားတဲ့ ပုဏ္ဏရိပ် စည်းရိုးတန်းအတွင်း ဥယျာဉ်ထဲမှာ တရုတ်စက္ကူမီးပုံးကြီးနှစ်ခုကို တင့်တယ်ခံ့ညားစွာ ထွန်းညှိထားပါတယ်။

မုခ်ဦးရဲ့ ရှေ့အဝင်မှာပဲ ဆိုင်ရဲ့ဝန်ထမ်းဖြစ်ဟန်ရှိတဲ့ မိန်းမပျိုလေးများက ရှေးဇင်းမယ်ရိုးရာဝတ်စုံနဲ့ အပြုံးပန်းကိုဆင်ကာ နှုတ်ကလည်း 'ဆဝါသီခ' လို့ ခွန်းစပြီး လက်အုပ်ကလေးများချီကာ ကြိုဆိုနေပါတယ်။ အရွယ်ကလည်း ၁၆ မှ ၁၈ ဝန်းကျင်ပေပြေစ်တဲ့ ကိုယ်နေဟန်ထားတွေကြောင့် မိုးပေါ်က ကျလာတဲ့နတ်မိမယ်လေးများပမာ ထင်မှတ်မှားရပြန်တယ်။

သူတို့ရဲ့ဆံထုံးက ရှေးမြန်မာအမျိုးသမီးတွေ ထုံးတဲ့ ဘီးစပတ်ဆံထုံးဟန်ရှိတယ်။ ရှေးက မိန်းမတို့ဘုန်း ဆံထုံးလို့ ဆိုစမှတ်ပြုခဲ့ကြတယ် မဟုတ်လား။ ရှေ့ဘက်ဘီးစပတ်ဆံထုံးရဲ့အခြေမှာ ပန်းကနုတ်ပါ ငွေရောင်သရဖူကို ဆင်မြန်းထားတယ်။ ဆံထုံးပေါ်မှာ ရွှေဆံထိုးနဲ့ ဆံထုံးရဲ့ညာဘက်ဘေး 'ပန်းရောင်စက္ကူပန်းကလေးများပင် ပန်ထားကြလေရဲ့။ အပြုံးရိပ်ဆင်နေတဲ့ သူတို့ရဲ့မျက်နှာဟာ အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရရဲ့ ဒေါင့်ထဲတွန့် ရတုထဲက 'ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့' ဆိုသလို သူတို့ရဲ့ အမူအရာနဲ့ လိုက်ဖက်လှပါတယ်။ သူတို့ရဲ့ လည်တိုင်မှာ ဆွဲကြိုးတန်ဆာ ဒွါဒရာကို ဆင်မြန်းထားတယ်။ လက်တစ်ဖက်စီမှာ ရိုးရာရွှေလက်ကောက်ကြီးက နှစ်ကွင်းစီ၊ ခါးမှာတော့ ငွေခါးပတ်၊ ရွှေကြိုးကြီးသုံးကြိုးစီကလည်း ဘယ်ပခုံးမှ ညာတင်ပါးဆီကို စလွယ်သိုင်းလို့။ တော်ဝင်မင်းသမီးတွေက ညာမှဘယ်စလွယ်သိုင်းပေမယ့် သူတို့က သာမန်အရပ်သူများမို့ ဘယ်မှညာကို စလွယ်သိုင်းဟန်ရှိတယ်။

သူတို့ဝတ်ဆင်တဲ့ ရင်ဖုံးအင်္ကျီက ရင်အုံအထက်ပိုင်း ဗလာကျင်းပေမယ့် အိန္ဒိယအမျိုးသမီးတွေလို ဝမ်းဗိုက်ဗလာကျင်းပြီး ချက်ဖော်မထားပါ။ လုံလုံခြုံခြုံဖြစ်တယ်။ သူတို့ဝတ်ဆင်တဲ့ ရိုးရာဇင်းမယ်လုံချည်က ဒူးအထက်အနက်ရောင်အောက်ခံမှာ နီညိုရောင်ကန့်လန့်စင်း၊ ဒူးမှ ခြေသလုံးအလယ်ခန့်အထိ ဆန္ဒင်းမကင်းပုံပါတဲ့ အစိမ်းရင့်ရောင်အနားပတ်နဲ့ ခြေသလုံးအလယ်မှ အခြေ ခြေမျက်စိဖုံးသည်အထိ နီညိုရောင်ရွှေချည်စင်းများ ပုံဖော်ထားတယ်။ လုံချည်ဟာ ချည်သားဖြစ်ပေမယ့် ရိုးရာဟန်ပေါ်လွင်ပြီး လက်ရာမြောက်တယ်။ ဒါကြောင့် ဇင်းမယ်လုံချည်ဟာ ရှေးကတည်းက မြန်မာအမျိုးသမီးလောကမှာ ရေပန်းစားပြီး ကမ္ဘာကျော်တာကိုး။

ယခုလိုသာယာတဲ့ ညချမ်းအချိန်မှာ နတ်မိမယ်များအလား ထင်ယောင်မှားရတဲ့ သူတို့လေးတွေနဲ့ အတူ ကျွန်တော်ဓာတ်ပုံမှတ်တမ်းတင်လိုက်တယ်။ ဒီအချိန်မှာပဲ 'နတ်ပြည်မိုးသူဇာ၊ ပျံကျလာသို့၊ ရှုသာတင့်စနိုး၊ လှခေါင်မိုးလျှင်၊ ပြစ်မျိုးမှည့်မထင်၊ နတ်ရပ်သွင်သို့ …' ဆိုတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ဒေါင့်ထဲတွန့်ရတုထဲမှ စာသားတချို့က ကျွန်တော့်ရင်ထဲတိုးဝင်လာပါတယ်။ အမှန်တကယ်လည်း ပြစ်မျိုးမှည့်မထင်၊ နတ်သွင်သူဇာတွေပါပဲ။

**'အိုးစည်မောင်တို့နှင့်'**

တစ်ဖက်တွင်လည်း ဇင်းမယ်သူနတ်မိမယ်လေးများနဲ့အပြိုင် အိုးစည်ဝိုင်းတော်သားငါးဦးကလည်း ကျွန်တော်တို့ ခရီးသွားဧည့်သည်များကို ဖော်ရွေသောအပြုံး၊ နှစ်လိုဖွယ်မျက်လုံးများနဲ့ ကြိုဆိုနေပါတယ်။ အိုးစည်တီးသူ၊ လင်းကွင်းတီးသူ၊ မောင်းကိုင်သူ၊ ပလွေမှုတ်သူ၊ ဝါးလက်ခုပ်တီးသူ စုစုပေါင်းငါးဦး၊ သူတို့မှာ ငယ်ရွယ်နုပျိုသူလူငယ်များဖြစ်ပြီး ဆိုင်ဝန်ထမ်းများ ဖြစ်ပုံရတယ်။ သူတို့အသွင်က မြန်မာတိုက်ပုံကဲ့သို့ ချည်ထည်၏ ရင်စေ့နေရာမှာ အထက်အောက် ရွှေရောင်အစင်းပါတယ်။ ရွှေရောင်ခါးစည်းခါးပတ်နဲ့ နီညိုရောင်ဘောင်းဘီပွကို ဝတ်ထားတယ်။ မြန်မာနိုင်ငံသား ရှမ်းလူမျိုးတို့ရဲ့ ဘောင်းဘီနဲ့ မခြားလှပါ။

တကယ်တော့ အိုးစည်ဟာ နယ်စည်းမခြားလှတဲ့ ကျေးလက်ဂီတပါ။ မြန်မာနိုင်ငံမှာ ရှမ်းအိုးစည်၊ ဗမာအိုးစည်ဆိုပြီး ခေါ်ဝေါ်ကြတယ်။ ရှမ်းအိုးစည်ကို တောင်ပေါ်ဒေသ တိုင်းရင်းသားများက တီးခတ်ကြပြီး ဗမာအိုးစည်ကိုတော့ ဗမာမင်းများ ထီးနန်းစိုက်ရာ မြေပြန့်ဒေသများမှာ တီးခတ်ကြတဲ့ သမိုင်းအစဉ်အလာရှိတယ်။ ကုန်းဘောင်ခေတ်ဦး ရွှေဘိုနယ်ကစပြီး အိုးစည်၊ ဒိုးပတ်၊ ဗုံရှည်နဲ့ ဗုံကြီးသံတွေ ပျံ့နှံ့ခေတ်စားခဲ့တယ်လို့ ဆိုပါတယ်။ 'ယခု ချင်းမိုင်မှာတွေ့ရတဲ့ အိုးစည်ဟာ မူးရင်းတိုင် (TAI) အနွယ်ဝင်တို့ရဲ့ နယ်စည်းမခြားတဲ့ ယဉ်ကျေးမှုကူးစက်မှုပါ။

ကျွန်တော် အိုးစည်မောင်တို့နဲ့ မှတ်တမ်းဓာတ်ပုံရိုက်ပြီးနောက် ဆိုင်ရှေ့လွင်ပြင်ဝန်းကျင်ကို မျက်စိကစားမိတယ်။ တစ်နေရာမှာ ရိုးရာချည်ထည်ဆိုင်များကို တွေ့ရပြီး ခရီးသွားအချို့ဟာ အဲ့ဒီဆိုင်တွေမှာ အမှတ်တရဝယ်ယူနေတာကို တွေ့ရပါတယ်။ ချင်းမိုင်အမှတ်တရ လုံချည်၊ အင်္ကျီ၊ လွယ်အိတ်၊ ဦးထုပ်စတဲ့ ရိုးရာချည်ထည်ပစ္စည်း အရောင်းဆိုင်လေးတွေပါ။ ဒီဇိုင်းလှလှနဲ့ ဖန်တီးထားတဲ့ ချည်ထည်တွေကို ခရီးသွားအမျိုးသမီးထုက စိတ်ဝင်တစား ဝယ်ယူကြတယ်။ ကျွန်တော်လည်း သူတို့ကိုအားကျပြီး တစ်လုံးကို ဘတ် ၁၀၀ ဝန်းကျင်သာရှိတဲ့ ချည်ထည်လွယ်အိတ်ကလေးနှစ်လုံးကို ဝယ်ယူလိုက်မိတယ်။

**'ဆိုင်တွင်း အခင်းအကျင်း'**

တကယ်တော့ ဒီရိုးရာစားသောက်ဆိုင်က ဥယျာဉ်ထဲက စားသောက်ဆိုင်ဖြစ်ပုံရတယ်။ ဘာကြောင့်လဲဆိုတော့ ဘေးပတ်လည်မှာ နှစ်ရှည်ပင်ကြီးတွေကို မာကျူရီမီးရောင်များရဲ့ အလင်းကြောင့် တွေ့မြင်နေရလို့ပါ။ တစ်ဧကသာသာခန့် ကျယ်ပြန့်တဲ့ ကွင်းပြင်ရဲ့ထိပ်မှာ ရိုးရာဟန်နဲ့ တည်ဆောက်ထားတဲ့ ဇာတ်စင်အဆောက်အအုံကို တွေ့မြင်ရတယ်။ မုခ်ဦးအဝင်မှ ဇာတ်စင်ကို ဦးတည်တဲ့ အလယ်တည့်တည့် လျှောက်လမ်းဟာ ၁၂ ပေခန့် ကျယ်ဝန်းပြီး ပေ ၁၀၀ ခန့်ရှည်မယ်လို့ ခန့်မှန်းရပါတယ်။ ဇာတ်စင်ရှေ့မှာ ပေ ၃၀၊ ပေ ၆၀ ခန့်ကျယ်ဝန်းတဲ့ ဗလာနေရာရှိပြီး ဖျော်ဖြေရေးအဖွဲ့ဝင်တွေ အသုံးတော်ခံတဲ့နေရာပါ။

ကော်ဇောနီခင်းထားတဲ့ အလယ်တည့်တည့် လျှောက်လမ်းရဲ့တစ်ဖက်တစ်ချက်မှာ နီးဒေါင်းလန်းငယ်တွေနဲ့ တည်ခင်းထားတဲ့ ရိုးရာထမင်းဝိုင်းတွေက အစီအရီ၊ စားသုံးသူ ဧည့်သည်တွေက နီးဒေါင်းလန်းတွေရဲ့ တစ်ဖက်တစ်ချက်မှာ သက်သောင့်သက်သာ မှီအုံးငယ်ကိုယ်စီနဲ့ ကော်ဇောအခင်းပေါ်မှာ မျက်နှာချင်းဆိုင်ထိုင်ရပါတယ်။ နီးဒေါင်းလန်းက အလယ်အလတ် လင်ပန်းအရွယ်၊ အခြေဒေါက်တိုင် ငါးချောင်းပါပြီး သစ်စေးအနီရောင်သုတ်ထားပါတယ်။

နီးဒေါင်းလန်းထဲမှာ အတန်းငယ်ဖောက်နက်တဲ့ ကြွေပန်းကန်ခြောက်လုံးက အချင်းခြောက်လက်မခန့်ရှိ ကြွေပန်းကန်ပြားငယ်ကို ဝိုင်းပတ်ထားတယ်။ ဒီပန်းကန်ပြားထဲမှာ ရိုးရာစပ်သီးထောင်းနဲ့ ဆေးဖက်ဝင်အသီးအရွက်၊ အတို့အမြုပ်တွေ ထည့်ထားတယ်။ ကြွေခွက်ငယ်ခြောက်လုံးထဲမှာ ဟင်းရွက်နဲ့အသား ပေါင်းစပ်ထားတဲ့ အကြော်၊ အချက်၊ အကင်၊ အပြုတ်၊ အသုပ်၊ ချက်နည်းအသွယ်သွယ်နဲ့ စီမံထားတဲ့ ဟင်းတွေ ထည့်ထားပါတယ်။ အချို့ဟင်းတွေက မြန်မာဟင်းနဲ့ နီးစပ်တယ်။ အာရှသားတွေက ချဉ်ငန်စပ်ကြိုက်တာချင်း တူကြတာကိုး။ ဟင်းတွေကို အမွှေးအကြိုင်၊ အနံ့အရသာ ပေးစွမ်းတဲ့ အပင်၊ အခေါက်၊အရွက်တွေနဲ့ ပေါင်းစပ်ထားမယ်ဆိုတာ အထူးပြောဖို့ လိုမယ်မထင်ပါ။ ဟင်းရောင်တွေကလည်း များသောအားဖြင့် အနီရောင်လွှမ်းပါတယ်။ ဆန်ကလည်း မြန်မာရှမ်းဆန်လို အစေးဓာတ် များပါတယ်။

ထမင်းကို အရွယ်သင့် ပန်းကန်ပြားထဲအသင့်ထည့်ထားပြီး ဟင်းချိုရည်ကို ကြွေပန်းကန်ဖောက်ငယ်နဲ့ ထည့်ထားပါတယ်။ မိန်းလမ်းမကွင်းပြင်မှာ မထိုင်လိုသူတို့အတွက် ကွင်းပြင်ရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ အုန်းလေးဖက် အမိုးပါ အဆောက်အအုံနှစ်လုံးစီရှိပြီး အကာမပါတဲ့ ထိုအဆောက်အအုံအတွင်းမှာ ဧည့်သည်များကို ကော်ဇောနီခင်းပြီး ဧည့်ခံပါတယ်။ ထိုအဆောက်အအုံတွေက မန္တလေးမြောက်ပြင်က သုခမ္မာဇရပ်တွေနဲ့ ပုံသဏ္ဌာန်ချင်း ဆင်ပါတယ်။

သန်းစိုးအောင်

# နိုင်ငံတကာ အားကစား သတင်းများ



## နယူးကာဆယ်အသင်းက ကွာရာဘတ်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၉**

၂၀၂၅-၂၀၂၆ ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ပ-အကျော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်) အဖြစ် ယနေ့ နံနက်ပိုင်းက နယူးကာဆယ်အသင်းနှင့် ကွာရာဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက ကွာရာဘတ်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နယူးကာဆယ်အသင်းအတွက် သွင်းဂိုး ခြောက်ဂိုးကို ပွဲချိန် ၃ မိနစ်၊ ၃၂ မိနစ်၊ ၃၃ မိနစ်၊ (၄၅+၁)မိနစ်တွင် ဂေါ်ဒွန်၊ ပွဲချိန် ၈မိနစ်တွင် မာလစ်သီယို၊ ပွဲချိန် ၇၂မိနစ်တွင် ဂျေကော့မာဖီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

နယူးကာဆယ်အသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ (ဒု-အကျော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်)အဖြစ် လာမည့် ဖေဖော်ဝါရီ ၂၅ရက်တွင် ကွာရာဘတ်အသင်းအား အိမ်ကွင်းတွင် လက်ခံကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## နည်းပြ ဘင်နီတက်ဇ် ပါနာသီနာကို့စ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



**လန်ဒန် ဖေဖော်ဝါရီ ၁၉**

ဂရိကလပ် ပါနာသီနာကို့စ်အသင်း အသင်းနည်းပြ ဘင်နီတက်ဇ်သည် နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် လက်ရှိအချိန်တွင် ကလပ်အသင်း ကစားသမားများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ပါနာသီနာကို့စ်အသင်းက နည်းပြရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဘင်နီတက်ဇ်သည် ပါနာသီနာကို့စ်အသင်းကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၅ ပွဲတွင် ၁၃ပွဲနိုင်၊ ၆ပွဲသရေ၊ ၆ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ဘင်နီတက်ဇ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ပါနာသီနာကို့စ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အပေါ်ဝဲပုံ)**

**(NGB)**

## အန်တိုနီမာရှယ် ပခုံးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ



**လန်ဒန် ဖေဖော်ဝါရီ ၁၉**

မွန်တာရေးအသင်း တိုက်စစ်မှူး အန်တိုနီမာရှယ် ပခုံးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့မှုကြောင့် ကာလရှည်အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် မွန်တာရေးအသင်းက ကလပ်လီယွန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အန်တိုနီမာရှယ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မွန်တာရေးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ အန်တိုနီမာရှယ်သည် မွန်တာရေးအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသည်။

**(အပေါ်ပုံ) (NGB)**

## 2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်



**ဒိုဟာ ဖေဖော်ဝါရီ ၁၉**

ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် သြစတြေးလျတင်းနစ်ကစားသမား Alexei Popyrin ကို ၆-၃၊ ၇-၅ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

2026 Qatar Exxonmobil Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ချက်တင်းနစ်ကစားသမား Jakub Mensik တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

## ဂျန်းစ်အော့ဒ်ဂါ့ဒ် ဘိုလော့ဂ်နာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**တူရင် ဖေဖော်ဝါရီ ၁၉**

စီးရီးအေကလပ် ဘိုလော့ဂ်နာအသင်းသည် ကွင်းလယ်ကစားသမား ဂျန်းစ်အော့ဒ်ဂါ့ဒ်အား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုလော့ဂ်နာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဘိုလော့ဂ်နာအသင်း၏ ထုတ်ပြန်ချက်တွင် "ဂျန်းစ်အော့ဒ်ဂါ့ဒ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ အသင်းအနေနဲ့ နောက်ထပ်သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို သက်တမ်းတိုးနိုင်ဖို့လည်း ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## အလက်ဇန်ဒရိုဘော်လ်ဒီအား ခေါ်ယူရန် မန်ယူအသင်း စီစဉ်

**လန်ဒန် ဖေဖော်ဝါရီ ၁၉**

မန်ယူအသင်းသည် ဘာစီလိုနာအသင်းနောက်ခံကစားသမား အလက်ဇန်ဒရိုဘော်လ်ဒီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၈ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း အလက်ဇန်ဒရိုဘော်လ်ဒီအတွက် စတာလင်ပေါင် ၃၅သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ဘာစီလိုနာအသင်းထံမှ အလက်ဇန်ဒရိုဘော်လ်ဒီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**




### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၈) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၂-၂၀၂၆ သောကြာနေ့ | ညနေ ၃:၃၀နာရီ | (၁)ရန်ကုန် - ရှမ်း(၂) (W,W,W,W,W) (W,L,L,W,W) | ရန်ကုန် ၀-၁ ရှမ်း / ရှမ်း ၂-၂ ရန်ကုန် |
| ၂၀-၂-၂၀၂၆ သောကြာနေ့ | ညနေ ၄:၀၀နာရီ | (၁၀)သစ္စာအားမာန် - ဒဲ့ပေါ့(၁၁) (L,D,W,D,L) (D,L,L,D,L) | သစ္စာအားမာန် ၃-၃ ဒဲ့ပေါ့ / ဒဲ့ပေါ့ ၁-၂ သစ္စာအားမာန် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၂-၂၀၂၆ နံနက် ၀၂:၁၅နာရီ | (၁၉) ဆက်ဆူအိုလို - ပီရိုနာ (၂၀) (L,W,W,L,W) (D,L,L,D,L) | ဆက်ဆူအိုလို ၃-၁ ပီရိုနာ / ပီရိုနာ ၁-၀ ဆက်ဆူအိုလို |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၂-၂၀၂၆ နံနက် ၀၂:၃၀နာရီ | (၉) ဘီလ်ဘာအို - အယ်လ်ချီ (၁၆) (D,W,W,L,W) (D,L,L,L,D) | ဘီလ်ဘာအို ၀-၁ အယ်လ်ချီ / အယ်လ်ချီ ၁-၄ ဘီလ်ဘာအို |

### ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၂-၂၀၂၆ နံနက် ၀၂:၀၀နာရီ | (၁၄) မိန့်ဇ် - ဟမ်းဘတ် (၉) (L,W,W,W,L) (D,D,D,W,W) | မိန့်ဇ် ၃-၁ ဟမ်းဘတ် / ဟမ်းဘတ် ၀-၀ မိန့်ဇ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၂-၂၀၂၆ နံနက် ၀၂:၁၅နာရီ | (၁၂) ဘရက် - မာဆေးလ် (၄) (L,L,D,W,D) (L,D,W,L,D) | ဘရက် ၁-၅ မာဆေးလ် / မာဆေးလ် ၄-၁ ဘရက် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၂-၂၀၂၆ နံနက် ၀၂:၃၀နာရီ | (၂၀) ဘလက်ဘန်း - ပရက်စတန် (၈) (W,W,L,L,D) (W,W,W,W,W) | ဘလက်ဘန်း ၂-၁ ပရက်စတန် / ပရက်စတန် ၀-၀ ဘလက်ဘန်း |

# ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး



**စဥ့်ကူး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဥ့်ကူးမြို့၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို စဥ့်ကူး မြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ် ပြည်သူ့ဆေးရုံတွင် ယမန်နေ့ နံနက်ပိုင်းမှစ၍ ဆောင်ရွက်ပေး လျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ကာကွယ်ဆေးထိုး ခြင်းနှင့် ဆေးတိုက်ခြင်းလုပ်ငန်း များကို စဥ့်ကူးမြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူး ရှင်းသန့်လွင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်း ဦးတို့၏ အနီးကပ်ကြီးကြပ်မှု ဖြင့် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပေါင်ချိန် ပေးခြင်း၊ အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေး ခိုင်၊ အသည်းရောင် အသားဝါ၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ် ကာကွယ်ဆေး)၊ ဝက်သက်- ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးများကို ထိုးနှံ ပေးခြင်းနှင့် ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ(ရိုတာကာကွယ် ဆေး)တို့ကို ထိုးနှံပေးပြီး ပိုလီယို အကြောသေရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက် ပေးခဲ့သည်။ ထို့ပြင် ကိုယ်ဝန် ဆောင်မိခင်များနှင့် ကလေး မိခင်များကိုလည်း ကျန်းမာရေး စစ်ဆေးပေးခြင်း၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကလေးအာဟာရဖွံ့ဖြိုးရေး အတွက် အာဟာရတိုက်ကျွေး ခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက စဥ့်ကူးမြို့ပေါ်နှင့် အနီးပတ်ဝန်း ကျင်ကျေးရွာများမှ ကလေးငယ် ၂၀၀ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၂၅ ဦးတို့အား ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**တင်စာလွင် (ပြန်/ဆက်)**



# နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်နှင့် နွေနှမ်းသီးနှံပံ့ပိုးပစ္စည်းပေးအပ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၉**

၂၀၂၅-၂၀၂၆ ခုနှစ်တွင် ညောင်ဦးမြို့နယ် နွေစပါးသီးနှံ ပန်းတိုင် အထွက်နှုန်းရရှိရေးစံပြ ကွက်နှင့် နွေနှမ်းသီးနှံပံ့ပိုးပစ္စည်း ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ဦးစီးမှူးရုံးအစည်းအဝေး ခန်းမတွင် ကျင်းပခဲ့သည်။

ပံ့ပိုးပစ္စည်းပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်ဌေးရီက သီးနှံ များ ပန်းတိုင်အတွက်နှုန်းရရှိရေး အတွက် အသုံးပြုရမည့်မျိုး၊ ထည့်သွင်းရမည့် သွင်းအားစု ရေရရှိရေးများ စိုက်ပျိုးနည်းပညာ များကို တောင်သူများအား ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဆုပိုင်နှင့် မြို့နယ်မျိုးစေ့ တာဝန်ခံတို့က တောင်သူများ အား ပံ့ပိုးပစ္စည်းပေးအပ်ခဲ့ပြီး တောင်သူများက သိရှိလိုသည် များ မေးမြန်းကြရာ တာဝန်ရှိသူ များက ပြန်လည်ဖြေကြားခဲ့ ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**

# မန္တလေးပြည်သူ့ဆေးရုံကြီးတွင် လူနာများအတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးပြည်သူ့ဆေးရုံကြီး တွင် ဆေးဝါးကုသမှုခံယူနေ သော လူနာများ၏ ဆေးဝါး ကုသရေးလုပ်ငန်းများတွင် အသုံး ပြုနိုင်ရန်အတွက် ၁၉၁၄ တပယ် ဈေးဗလီဒကာ ဟာဂျီဦးဘိုးသာဝ ကဖ်ဝဆီမိုတဝါလီလူကြီးများက ငွေကျပ် ၁၀ သိန်းကို ဖေဖော် ဝါရီ ၁၈ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲကို မန္တလေးပြည်သူ့ ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း တွင် ကျင်းပခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက လက်ခံ ရယူခဲ့သည်။

တပယ်ဈေးဗလီဒကာ ဟာဂျီ ဦးဘိုးသာဝထားရှိခဲ့သည့် ရန်ပုံ




ငွေဖြင့် နှစ်စဉ်နှစ်တိုင်း ဆေးရုံ များ၊ ဗလီများ၊ ကျောင်းများနှင့် ၄င်း၏ ဆွေမျိုးနီးစပ်အတွင်းရှိ မရှိဆင်းရဲသူများအား ထောက်ပံ့ လှူဒါန်းမှုများကို ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# ကမမောင်းကျေးရွာ၌ လက်ရှိရေသုံးစွဲနေမှုစစ်ဆေး

**ဖာပွန် ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ်၊ ဖာပွန် ခရိုင်၊ ဖာပွန်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက အမှတ်(၄)ရပ်ကွက်၊ ကမ မောင်းကျေးရွာ၌ ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်း၏ လက်ရှိ ရေသုံးစွဲနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် ဖာပွန်ခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် အင်ဂျင်နီယာများက ကမမောင်း ကျေးရွာရှိ ရေရရှိရေးကော်မတီ ဝင်များနှင့်အတူ ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၃၄ ဒသမ ၉၄ သန်းဖြင့် ဆောင်ရွက်သော ရေရရှိရေးလုပ်ငန်း၏ လက်ရှိ ရေသုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီး မှူးက ဆောင်ရွက်ပြီးလုပ်ငန်း ရေရှည်တည်တံ့အောင် အသုံးချ နိုင်ရန်အတွက် စနစ်တကျထိန်း သိမ်း သုံးစွဲရေးနည်းလမ်းများ ကို မှာကြားခဲ့သည်။

ကမမောင်းကျေးရွာ၌ အကျယ် ခြောက်ပေ၊ အနက် ပေ ၄၀ရှိ လက်တူးတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည် ဆောက်ခြင်း၊ ရေစင်အောက် ခန်းဖွဲ့ခြင်း၊ အရှည်ပေ ၂၀၀၀ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံ ငွေကျပ် ၃၄ ဒသမ ၉၄သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများစုဖွဲ့၍ အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများမှ သန့်ရှင်းသော သောက်သုံးရေကို အိမ်တိုင်ရာရောက် အဆင်ပြေ ချောမွေ့စွာ သုံးစွဲလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(ဝဲပုံ)**

# သုမင်္ဂလာဈေးအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ တွင် သုမင်္ဂလာဈေးအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြင်ဦးလွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အဖွင့် အမှာစကား ပြောကြားရာတွင် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၈ နာရီတွင် Rehearsal(အစမ်းလေ့



ကျင့်)ကျင်းပနိုင်ရေး၊ လမ်းဘေး ဝဲ၊ ယာတွင် သန့်ရှင်းရေးကောင်း မွန်စွာ ဆောင်ရွက်နိုင်ရေး၊ ဖွင့်ပွဲ တက်ရောက်မည့် ပြည်သူများ အတွက် နေရာချထားနိုင်ရေး၊ ကားနှင့်ဆိုင်ကယ်များ ရပ်နား နိုင်ရေးအတွက် နေရာပြင်ဆင် ရေး၊ ဖိတ်ကြားရေးနှင့်လုံခြုံရေး ကိစ္စရပ်များကို ဆွေးနွေးပြော ကြားသည်။ **(ဝဲပုံ)**

ထို့နောက် တက်ရောက်လာ သော သက်ဆိုင်ရာဌာနဆိုင်ရာ များ၊ ကော်မတီဝင်များက လုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေများ ကို အသီးသီးရှင်းလင်းဆွေးနွေး ကြပြီး ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရ သည်။

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

၀-၀-၀-၀-၀

# မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူ မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ဖေဖော် ဝါရီ ၁၈ရက် နံနက်ပိုင်းက ကွင်း ဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော် မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင် များ၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များ က ပခုက္ကူမြို့မှ အာကာမျိုးစက်သုံး ဆီအရောင်းဆိုင်မှ တာဝန်ရှိသူ များအား မီးချိတ်၊ မီးကပ်၊ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့် ရေစင်များကို ရေ အပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေး ဟောပြောပြီး ဆိုင်ဝန်ထမ်းများက လက်တွေ့ သရုပ်ပြ မီးငြိမ်းသတ်လေ့ကျင့် ခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ) (၃၄၀)**





ဆက်လူ

## သဗ္ဗညုဂူဘုရားအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် သုတေသနပြုလုပ်ခြင်းတို့ ဆောင်ရွက်



**ပုဂံ ဖေဖော်ဝါရီ ၁၉**

ပုဂံဒေသရှိ သဗ္ဗညုဂူဘုရားကြီး၏ သမိုင်းဝင်အမွေအနှစ်များသည် ပုဂံဒေသ၏ ယဉ်ကျေးမှု သမိုင်းကြောင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို ထင်ဟပ်ပြသသည့် အရေးကြီးသက်သေအထောက်အထားများဖြစ်သည်။ ထိုအမွေအနှစ်များကို စနစ်တကျ စူးစမ်းသုတေသနပြုလုပ်ခြင်းနှင့်ထိန်းသိမ်းကာကွယ်ခြင်းတို့သည် မျိုးဆက်သစ်များအတွက် သမိုင်းမှတ်တမ်းအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် အလွန်အရေးပါသော ကဏ္ဍများဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲတာဝန်ရှိသူများထံမှ သိရသည်။

သဗ္ဗညုဂူဘုရား၏ အဆောက်အအုံပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအခြေအနေ ပိုမိုကောင်းမွန်လာစေရန်နှင့် ဂူဘုရားကြီးရေရှည်တည်တံ့စေရန် တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်းနှင့်သုတေသနပြုဖော်ထုတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ သဗ္ဗညုဂူဘုရားသည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ အမွေအနှစ်လက္ခဏာရပ်တစ်ခုဖြစ်သကဲ့သို့ ထူးခြားလက်ရာကျန်ရှိမှု အဆင့် (၁)ရှိသော ဂူဘုရားတစ်ဆူလည်းဖြစ်သည်။ နောက်ခံသမိုင်းရာဇဝင်နှင့် တည်ဆောက်ပုံဗိသုကာလက်ရာအရ အေဒီ (၁၂)ရာစု ဂူဘုရားတစ်ဆူဖြစ်ပြီး ရှားပါးလွန်းလှသည့် လေးထပ်ဂူဘုရားတစ်ဆူဖြစ်ကြောင်း သိရပြီး ထူးခြားရှားပါးသည့် အမွေအနှစ်တစ်ခုဖြစ်သည့် သဗ္ဗညုဂူဘုရားကြီးအား စနစ်တကျဖြင့် အသေးစိတ်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို နည်းပညာအကူအညီများပေါင်းစပ်၍ စနစ်တကျထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက်ရှိသည်။

သုတေသနလုပ်ငန်းများတွင် မြေပြင်စစ်တမ်းများကောက်ယူခြင်း၊ Grid Layout စနစ်ဖြင့် တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နေရာသတ်မှတ်ခြင်း (GPS Location) နှင့် အချက်အလက်မှတ်တမ်းတင်ခြင်းများကို စနစ်တကျမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်လျက်ရှိကာ တူးဖော်မှုများအတွင်းတွေ့ရှိရသည့် အမွေအနှစ်ပစ္စည်းများကို သက်ဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီစွာ မှတ်တမ်းတင်၍ ထိန်းသိမ်းကာကွယ်ထားလျက်ရှိသည်။

ယခုလို သုတေသနလုပ်ငန်းများကို နိုင်ငံတကာ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံရှိ Shaanxi Academy of Archaeology မှ ပညာရှင်ခုနစ်ဦးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ပူးပေါင်း၍ နည်းပညာပိုင်းဆိုင်ရာအကူအညီများ၊ သုတေသန နည်းလမ်းများနှင့်အတွေ့အကြုံများကို နှီးနှောဖလှယ်ဆောင်ရွက်ခွင့် ရရှိခဲ့ကြသည်။ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုများသည် သုတေသန အရည်အသွေးမြှင့်တင်ရန်နှင့် နိုင်ငံတကာအဆင့်မီ သုတေသနစံနှုန်းများကို လိုက်နာနိုင်ရန် အထောက်အကူပြုပေးနေခြင်းဖြစ်ကြောင်း ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းက ပြောသည်။

ထို့အပြင် တွေ့ရှိရသည့် သမိုင်းဝင် အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရာတွင် Barrier Fencing၊ Camp စနစ်များနှင့် လုံခြုံရေးအစီအစဉ်များကိုလည်း အသုံးပြုဆောင်ရွက်ခဲ့ကြသည်။ ထိုလုပ်ငန်းစဉ်များအားလုံးသည် သုတေသနလုပ်ငန်းများကို ထိရောက် စွာဆောင်ရွက်နိုင်ရန်နှင့် အမွေအနှစ်ပစ္စည်းများ မပျက်စီးစေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ပုဂံဒေသရှိ သမိုင်းဝင်အမွေအနှစ်များအပေါ် ဆောင်ရွက်နေသည့် သုတေသနနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကို မြှင့်တင်ပေးပြီး အနာဂတ်မျိုးဆက်များအတွက် တန်ဖိုးရှိသော သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းပေးနိုင်ရန် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**



## မန္တလေးအလင်းသစ်စာစဉ်မိတ်ဆက်ပွဲကျင်းပ လူငယ်ဖွံ့ဖြိုးရေး လစဉ်ထုတ်ဝေမည်

**မန္တလေး ဖေဖော်ဝါရီ ၁၉**

လူငယ်ဖွံ့ဖြိုးရေးနှင့်စာဖတ်ရိုန်မြှင့်တင်ရေးတွက် ထုတ်ဝေသောမန္တလေးအလင်းသစ်စာစဉ်မိတ်ဆက်ပွဲကို ယမန်နေ့က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်းရှိ ဗြဟ္မစိုရ်စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးအလင်းသစ်စာစဉ် စီစဉ်ထုတ်ဝေသူ ဦးခင်မောင်နှင်း (ကျောက်ပန်းတောင်း)က လူငယ်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး ရည်ရွယ်၍ စာစဉ် ထုတ်ဝေရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မန္တလေး မြို့မိမြို့ဖ ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကို (ထာဝရကုမ္ပဏီ)၊ မန္တလေးတက္ကသိုလ် မြန်မာစာဌာနပါမောက္ခ(ငြိမ်း) ဒေါက်တာ မောင်မောင်လေး၊ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းနာယက မာဃဒီနွှ၊ စာရေးဆရာ အောင်တင်ဝင်း(ငါ့သရောက်)တို့က မုဒိတာစကားများပြောကြားပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်တိုက်နှင့် ဗြဟ္မစိုရ်စာကြည့်တိုက်သို့ မန္တလေးအလင်းသစ်စာစဉ်များလှူဒါန်းခဲ့သည်။

မန္တလေးအလင်းသစ်စာစဉ်တွင် တက္ကသိုလ်မြတ်သူ၏ ရွေးကောက်ပွဲ အထူးဆောင်းပါး၊ ဒေါက်တာမြင့်သိန်း (ရန်ကုန်တက္ကသိုလ်)၏ ဗင်နီဇွဲလား၊ စာရေးဆရာမကြီး ယဉ်ယဉ်နု၏ မနက်ဖြန်လူငယ် အပါအဝင် သုတရသအစုံဖြင့် ထုတ်ဝေထားပြီး မန္တလေးမြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။

မန္တလေးအလင်းသစ်စာစဉ်တွင် လူငယ်ဖွံ့ဖြိုးရေး သုတ၊ ရသ၊ နည်းပညာ၊ ရသစုံဝတ္ထုတို စာမူများ ပေးပို့လိုပါက viber ဖုန်း ၀၉-၂၂၂၅၇၈၅၊ ၀၉-၇၉၇၇၈၃၃၀၆တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၀၄၅)**

## မြို့သန့်ရှင်းသာယာရေး ဆောင်ရွက်

**သပိတ်ကျင်း ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၁၈ ရက်နံနက်၉နာရီက မြို့မဈေးဝင်းအတွင်း သန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

သပိတ်ကျင်းမြို့မဈေးအတွင်း ဈေးသည်များ ပုံမှန်ရောင်းဝယ်နိုင်ရန်အတွက် အမှိုက်သရိုက်များ၊ ချုံနွယ်များ၊ ပျက်စီးပြိုလဲနေမှုများကို မြို့နေပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အင်တိုက်အားတိုက် ရှင်းလင်းဆောင်ရွက်ခဲ့ကြရာ ဈေးအတွင်း ဈေးသည်၊ဈေးဝယ်များဖြင့် စည်းကမ်းတကျ ပြန်လည်ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။

သပိတ်ကျင်းမြို့နယ် ပြန်လည် စည်ပင်ဖွံ့ဖြိုးနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကြီးကြပ်လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပြီး မြို့နေပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပျံကျဈေးနေရာပြန်လည်ချထားနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မတ္တရာ ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် မြို့မဈေးတွင် ဈေးဆိုင်ခန်းများ စနစ်တကျ ရောင်းချနေမှုနှင့် ပျံကျဈေး နေရာပြန်လည်ချထားနိုင်ရေးအတွက် အဖွဲ့စုံဖြင့် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

ထို့သို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြို့မဈေးတွင် ဈေးဆိုင်ခန်းများ စနစ်တကျရောင်းချနေမှုနှင့် ဈေးအတွင်း၌ ပျံကျဈေး နေရာပြန်လည်ချထားနိုင်ရေး၊ မီးသတ်ရေကန်များ ရေသိုလှောင်ထားရှိမှု အခြေအနေများ၊ တစ်လမ်းမောင်းစနစ်အသုံးပြုမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။**(အောက်ပုံ)**

**(၄၆၂)**



## စိုက်ပျိုးထားသော ဝါသီးနှံများအောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ မှိုင်းပန်ကျေးရွာ၌ တောင်သူ ဦးမွေး စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မှိုင်းပန်ကျေးရွာမှ တောင်သူ အများစုသည် ယာမြေအများစုပိုင်ဆိုင်ကြပြီး သီးနှံများ စိုက်ပျိုးရာ၌ မိုးရေနှင့် မြေအောက်ရေကို အဓိကထား စိုက်ပျိုးရသည့်အတွက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ကျွဲ၊ နွားစာနှင့် ဝါသီးနှံများကို အဓိကထားစိုက်ပျိုးကြပြီး ဝါသီးနှံ ၁၁၉၄ ဧက စိုက်ပျိုးထားကြောင်းနှင့် ဖူးစားပြောင်း ၆၆ ဧက၊ မြေပဲ ၁၈၉ ဧက၊ နှမ်း ၁၈၉၊ နေကြာ ၇၇၇ ဧက၊ ပဲတီစိမ်း ဧက ၄၃၀ ၊ ကုလားပဲ ၆၆၂ ဧက၊ ပဲကျား ၆၂ ဧက၊ အခြားပဲ ၂၆၄ ဧက၊ ဂျုတ် ဧက ၅၀ ၊ ကျွဲ၊ နွားစာ ၂၀၉ ဧက၊ ဟင်းသီးဟင်းရွက် ၁၅၃ ဧက စိုက်ပျိုးထားသည်။



ကျောက်ဆည်မြို့နယ်၌ မိုးနှောင်းဝါသီးနှံများကို ဇူလိုင်လလယ်မှ ဩဂုတ်လအလယ်ထိ စိုက်ပျိုးကြပြီး စိုက်ပျိုးရာ၌ အထွက်နှုန်း ကောင်းမွန်ရေး ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်၊ သဘာဝနွားချေး မြေဩဇာ နွားလှည်း ၁၀ စီးနှင့် မြေပြုပြင်ပြီး တစ်ဧကသတ်မှတ်အပင်ဦးရေ ပြည့်မီအောင် တစ်ကျင်းနှင့် တစ်ကျင်း သုံးပေအကွာ စိုက်ပျိုးကြကြောင်း၊ အပင်သက်တမ်း ၁၈ ရက်မှ ၂၁ ရက်တွင် စိုက်ကျင်းတစ်ကျင်းလျှင် ဝါပင်နှစ်ပင်ချန်၍ သားခွဲပေးကြကြောင်း၊ အပိန့်ဝင်ချိန်နှင့် ပန်းပွင့်ချိန်များ၌ ကွန်ပေါင်းအိတ်တစ်ဝက်နှင့် ယူရီးယားအိတ်တစ်ဝက် ရောစပ်ကာ ကြဲပက်၍ ရေသွင်းပေးပြီး ကြားထွန်တိုက်ကာမြေဆွပေးကြောင်း၊ အပင် ၅၀ ရက်သားတွင် စုပ်ပိုးကာကွယ်ဆေး နှစ်ကြိမ်၊ ၆၀ ရက်သားနောက်ပိုင်းတွင် ဝါဌမ်းပိုးနီနှင့်ရွက်လိပ်ရွက်စားပိုး နှစ်ကြိမ် ဖျန်းပေးပြီး လိုအပ်ပါက အခြားပိုးများအတွက် ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်း သိရသည်။ (ဝဲပုံ) (၄၈၅)

# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ-၂၈

မန္တလေးငလျင်ကြီးအပြီး ပြိုပျက်ခဲ့တဲ့ ဘုရားစေတီတော်တွေထဲက ထွက်ပေါ်လာခဲ့တဲ့ ဌာပနာတွေထဲက လက်ရာထူးခြားတဲ့ ဆင်းတုတော်နဲ့ အခြားသော ဆက်စပ်ပစ္စည်းလေးတွေအကြောင်းကို သုတေသနရှုထောင့်ကနေ ရေးသားခဲ့ပါတယ်။ ကျောက်ဆည်မြို့နယ် ဝေဘူတောင်ခြေမှာ ပုဂံခေတ် အနော်ရထာမင်းကြီး ကောင်းမှုဆည်တော်နံ့စေတီတော်ထဲက တွေ့ရတဲ့ ခမာလက်ရာဆင်းတုတော်အကြောင်းလည်း ရေးသားတင်ပြခဲ့ပါတယ်။ အခုလည်း အမရပူရမြို့နယ်ထဲက ဒုဋ္ဌဝတီမြစ်ကမ်းနဲ့ မနီးမဝေးမှာ တည်ထားခဲ့တဲ့ ဆုတောင်းပြည့်စေတီတော် ပြိုပျက်ရာက တွေ့လာရတဲ့ ဌာပနာတွေထဲမှာ လက်ရာထူးခြားတဲ့ ဆင်းတုတော်သုံးဆူ တွေ့ရပါတယ်။ အဲ့ဒါတွေကတော့ ခမာလက်ရာဆင်းတု၊ တရုတ်လက်ရာဆင်းတုနဲ့ ထိုင်းလက်ရာဆင်းတုတွေ ဖြစ်ပါတယ်။ အဲ့ဒီဆင်းတုတော်သုံးဆူနဲ့ပတ်သက်ပြီး တစ်ဆူချင်းစီအလိုက် သုတေသနရှုထောင့်ကနေ ရေးသားတင်ပြပါ့မယ်။

ခမာလက်ရာက အထက်မှာ ပြောခဲ့သလို ရေးပြီးသားဖြစ်ပေမယ့် တွေ့ရတဲ့ စေတီတော်နဲ့ လက်ရာဟန်ပန် ကွာခြားမှုအရ နောက်ခံအဖြစ် အပျက်ကွာခြားနိုင်လို့ထပ်ပြီး ရေးမယ်လို့ ပြောရခြင်းပါ။ ယခုအပတ်တော့ ထိုင်းလက်ရာ ဆင်းတုတော်အကြောင်းကို သုတေသနရှုထောင့်ကနေ တင်ပြပါမယ်။ ဆင်းတုတော်အကြောင်းမပြောမီ စေတီတော်အကြောင်းကို အရင်ပြောမှ အချိတ်အဆက်မိမယ် ထင်ပါတယ်။ စေတီတော်ဟာ ငလျင်ဒဏ်ကြောင့် ပြိုကျတဲ့အချိန်မှာ အတွင်း ဘုရားဆောင်ပါတဲ့ တိုက်ခံစေတီပုံစံမျိုးပါ။ ခေတ်အဆက်ဆက် ပြုပြင်ခဲ့တဲ့အတွက် အပေါ်ဆုံးလက်ရာမှာ ဘာအထောက်အထားမှ မတွေ့ရတဲ့အတွက် မျက်မှောက်ခေတ်လို့ပဲ ပြောရပါမယ်။

စေတီတော်ရဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်ပြီး ရပ်ထဲရွာထဲက သက်ကြီး ဝါကြီးတွေထံ မေးမြန်းကြည့်တော့လည်း ရှေးကျတယ်ဆိုတာကလွဲလို့ ဘယ်ပုဂ္ဂိုလ်တည်ဆောက်ခဲ့သလဲဆိုတာ ရေရေရာရာ ပြောနိုင်သူမရှိပါ။ ဒါကြောင့်လည်း ဆုတောင်းပြည့်ဆိုတဲ့ ဘွဲ့အမည်တွင်နေတာ ထင်ပါရဲ့။ စေတီတော်ရဲ့သမိုင်းကြောင်း သီးသန့်ဆိုရင်တော့ စစ်တမ်းတွေထဲမှာ သဲလွန်စ တွေ့ကောင်းတွေ့ရပါလိမ့်မယ်။။ သုတေသနပြုဖို့ရာကံကောင်းသွားတာက ငလျင်ကြီးကြောင့် စေတီတော်ရဲ့ မြောက်ဘက်က တိုက်မန်ရံ ပြိုကျသွားပါတယ်။အဲ့ဒီအခါအတွင်းကနေ စေတီတော်တစ်ဆူ ပေါ်လာခဲ့ပါတယ်။ အတွင်းစေတီတော်ကလည်း ငုံထားတဲ့အပြင်က စေတီလိုမျိုး ဘုရားဆောင်ပါတဲ့ တိုက်ခံစေတီပုံစံတူပဲ ဖြစ်နေပါတယ်။ အတွင်းစေတီတော်မှာ တိုက်မရဲ့အထက်မှာ ကြာသသွတ်အိုးနဲ့ ခေါင်းလောင်းနံ့ဘေးမှာ စေတီရံလေးတွေနဲ့ ဖောင်းနေရာမှာ ကျန်နေသေးတဲ့ အင်္ဂတေပန်းတော့ အမွမ်းပန်းအချို့ကို တွေ့ရပါတယ်။

ဒါပေမဲ့ အတွင်းစေတီရဲ့ ကျန်ရှိနေတဲ့ အင်္ဂတေသားများဟာ ထုံးနည်းပြီး သဲများတဲ့အတွက် အမွမ်းပန်းများဟာ လက်ရာကြမ်းပြီး ယိုယွင်းမှုများနေတာကို တွေ့ရပါတယ်။ စေတီရံနဲ့ ဖောင်းတန်းမှ အင်္ဂတေပန်းများရဲ့ လက်ရာကို ခန့်မှန်းကြည့်တော့ ညောင်ရမ်းခေတ်နှောင်း (သို့မဟုတ်)ကုန်းဘောင်ခေတ်ဦးကာလလောက်မှာ တည်ထားခဲ့တယ်လို့ တွေ့ရပါတယ်။ အထူးသဖြင့် ဖောင်းတန်းမှ ဩဇာသီးပုံ အင်္ဂတေပန်းပုံစံဟာ ဖိုလ်ဝင်တောင် ကွန်းစင်တိုင်ဘုရားက သစ်ထွင်းပန်းပုလက်ရာများနဲ့ တူနေတဲ့အတွက် အခုလို ခန့်မှန်းရခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ မြောက်ဘက်နံရံက ဘုရားဆောင်အဝင်မုခ်မှာ တွေ့ရတဲ့ အင်္ဂတေပန်းတော့လက်ရာကတော့ အမရပူရခေတ် စစ်ကိုင်းမင်း(ခေါ်)ဘကြီးတော်လက်ထက်ခေတ်လက်ရာလို့ တွေ့ရပြန်ပါတယ်။ အဲ့ဒီတွေ့ရှိချက်နှစ်ခုအပေါ်မူတည်ပြီး ကောက်ချက်ချရရင် ညောင်ရမ်းခေတ်နှောင်း(သို့မဟုတ်)ကုန်းဘောင်ခေတ်ဦး ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်မှာ စတင်တည်ထားခဲ့ပြီး ဘကြီးတော်လက်ထက်မှာ ပြုပြင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့်လည်း ဌာပနာတွေထဲမှာ ထိုင်းလက်ရာဆင်းတုတော်ကို တွေ့ရခြင်း ဖြစ်ပါတယ်။ အဲ့ဒါကို လက်ခံနိုင်ဖို့ သမိုင်းကြောင်းအကျဉ်းကို ပြန်လှေ့လာဖို့ လိုပါမယ်။



ယိုးဒယားဆင်းတုတော် ။



ပုဂံခေတ်ဆင်းတုတော် ။

တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်ခဲ့တဲ့ အလောင်းဘုရားဟာ ထိပါးနှောင့်ယှက်လာခဲ့တဲ့ အယုဒ္ဓယကို ကိုယ်တိုင်ချီတက်တိုက်ခိုက်ပေမယ့် ကြမ်းတမ်းတဲ့ ရာသီဥတုဒဏ်ကြောင့် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမဲ့ အလောင်းဘုရားရဲ့ ဒုတိယသားတော် ဆင်ဖြူရှင် မြေဒူးမင်းလက်ထက်မှာတော့ အတွေ့အကြုံရှိခဲ့သူပီပီ ကိုယ်တိုင်တောင် ချီတက်စရာမလိုဘဲ စစ်သူကြီးတို့ကို ထားဝယ်စစ်ကြောင်းနဲ့ ဇင်းမယ်စစ်ကြောင်းဖြင့် စစ်ချီစစ်တက်လမ်းကြောင်းနဲ့ သေနင်္ဂဗျူဟာတွေကို သေချာစွာညွှန်ကြားပြီး တိုက်ခိုက်စေခဲ့ရာ မြန်မာသက္ကရာဇ် ၁၇၆၇ ခုနှစ်တွင် အယုဒ္ဓယကို အောင်မြင်ခဲ့ပါတယ်။ စကားစပ်လို့ ပြောရရင် မြန်မာတပ်တွေ ယိုးဒယားကို ချီတက်တိုက်ခိုက်နေစဉ် တရုတ်စစ်တပ်ကြီးဟာ အင်အားကြီးမားစွာနဲ့ သက္ကရာဇ် ၁၇၆၅ ခုနှစ်မှာ ကျူးကျော်ရောက်ရှိလာခဲ့ပါတယ်။ ဒါပေမဲ့ မင်းဧကရာဇ်ဆင်ဖြူရှင်ဟာ တုန်လှုပ်ခြင်း အလျဉ်းမရှိဘဲ သေသေချာချာ စီမံညွှန်ကြားကာ တိုက်ခိုက်စေခဲ့တဲ့အတွက် သိန်းနဲ့ချီတဲ့ တရုတ်စစ်တပ်ဟာလေးကြိမ် ကျူးကျော်ရာ လေးကြိမ်စလုံး အရှုံးကြီးရှုံးခဲ့ရပါတယ်။

အယုဒ္ဓယကို အောင်နိုင်ခဲ့တဲ့ မြန်မာတို့ဟာ နန်းတွင်းက တော်ဝင်အမျိုးအနွယ်တွေအပြင် အနုပညာရှင်တွေ၊ လက်မှုအတတ်ပညာရှင်တွေ၊ နှုတ်မှုအတတ်ပညာရှင်တွေနဲ့ သာမန်သုံ့လူပေါင်းများစွာကို မြန်မာပြည်သို့ ခေါ်ဆောင်လာခဲ့ပါတယ်။ မြန်မာပြည်ကိုရောက်တော့ မြေလတ်ပိုင်း မကွေးဒေသကစပြီး အညာဒေသ ခင်ဦးမြို့တိုင်အောင် မြို့ပြကျေးရွာ အသီးသီးမှာ လုပ်မြေစားမြေ ချထားနေထိုင်စေခဲ့ပါတယ်။ အဲ့ဒီအခြေအနေအရ အခု အမရပူရမြို့နယ်၊ စာတိုးကျေးရွာမှာ တည်ထားပြီး ငလျင်ဒဏ်ကြောင့် ပြိုပျက်ရာမှာ တွေ့ရတဲ့ အင်္ဂတေပန်းတော့လက်ရာများနဲ့ ယိုးဒယားလက်ရာဆင်းတုတော်အထောက်အထားများအရ ဆင်ဖြူရှင်မင်းလက်ထက် တည်ထားခဲ့တဲ့(သို့မဟုတ်) ပြုပြင်ခဲ့တဲ့စေတီတော် ဖြစ်မယ်လို့ ဦးစွာသုံးသပ်ရပါတယ်။ အဲ့ဒီစေတီတည်ထား၊ ပြုပြင်ခဲ့သူဟာ ယိုးဒယားစစ်နဲ့ တရုတ်စစ်ကို ပါဝင်ပတ်သက်ခဲ့သူတစ်ဦးဖြစ်မယ်လို့လည်း ကောက်ချက်ချနိုင်ပါတယ်။ နောက်ပြီး ဗုဒ္ဓဘာသာဝင်များပီပီ မိမိရောက်ရာအရပ်က ဘုရားဆင်းတုတော်များကိုလည်း ကိုးကွယ်ဖို့ရာ ပင့်ဆောင်လေ့ရှိကြပါတယ်။ ဒါကြောင့်မို့လို့လည်း အခုစေတီတော်ရဲ့ ဌာပနာတွေထဲမှာ တရုတ်၊ ခမာနဲ့ ယိုးဒယားဆင်းတုတော်တွေ တွေ့နေရခြင်းဖြစ်တယ်ဆိုရင် မမှားပါဘူး။ ဆင်းတုတော်ကို ဆက်လက်လေ့လာကြရအောင်။

ဆင်းတုတော်ကို ကြေးနဲ့သွန်းလောင်းထားပြီး ဥဏ်တော် ၆ ဒသမ ၄ လက်မရှိပါတယ်။ ရုတ်တရက် ဖူးကြည့်လိုက်ရင် မြန်မာကြေးသွန်းဆင်းတုတော်များနဲ့ သိပ်ပြီး ကွာခြားမှုမရှိသလိုဘဲလို့ ထင်ရပါတယ်။ ဒါပေမဲ့ သေသေချာချာ နှိုင်းယှဉ်ကြည့်ရင် ဦးခေါင်းတော်အထက်မှာရှိတဲ့ ပု· ဒိ· အာ ဆိုတဲ့ ဥဏ်တော်ကြီးသုံးပါးရရှိခဲ့ခြင်း အထိမ်းအမှတ်အဖြစ် ပါဝင်လေ့ရှိတဲ့ ဥဏှိသရောင်လျှံတော်ကစပြီး အောက်ခြေက ပလ္လင်တော်အထိ မြန်မာလက်ရာများနဲ့ သိသာစွာမတူတာကို တွေ့ရပါတယ်။ စပြောရရင် အခုတွေ့ရတဲ့ ယိုးဒယားဆင်းတုတော်ရဲ့ ဥဏှိသရောင်လျှံလတော်ဟာ အောက်ခြေမှာ ဖောင်းတစ်ရစ်ပါပြီး အထက်ပိုင်းက ပိုပြီးသွယ်နေပါတယ်။ မဏီတော်ကလည်း မြန်မာလက်ရာနဲ့မတူဘဲ သေးငယ်ပြီး မြင့်နေတာကို တွေ့ရပါတယ်။ သူ့ဟာနဲ့သူတော့ အချိုးကျနေပေမယ့် မြန်မာဟန်နဲ့ ကွဲလွဲနေတာကို တင်ပြရခြင်းပါ။

နောက်တစ်ချက်က နဖူးပြင်က ဆံတော်တွေရဲ့ သင်းကျစ်တော်ဟာ မြန်မာဆင်းတုတော်တွေလို 'က'ကြီးပုံမပေါ်ဘဲ နားပန်းဆံအထိ 'ဂ'ငယ်ပုံပေါ်နေပါတယ်။ နားတော်ပခုံးနဲ့ မထိတာကတော့ ပုဂံခေတ်နဲ့ အတူတူပါပဲ။ ဒါပေမဲ့ မျက်နှာပြင်ပေါ်က မျက်ခုံး၊ မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်ကတော့ မြန်မာဆင်းတုတော်များလို ခေတ်အလိုက်ပြောင်းလဲမှုသိပ်မရှိဘဲ တစ်သမတ်တည်း ရှိနေခဲ့ပါတယ်။ ခန္ဓာကိုယ်ပိုင်းမှာတော့ အစိတ်အပိုင်းများအားလုံး ပြည့်ပြည့်ဖြိုးဖြိုးရှိနေပြီး ပခုံးကျယ်ခြင်း၊ ရင်မောက်ခြင်း၊ ခါးသေးခြင်းတွေက ပုဂံဟန်နဲ့ ဆင်ဆင်တူပါတယ်။ ဒါပေမဲ့ လက်တော်နဲ့ ခြေတော်များရဲ့ အနေအထားနဲ့ အချိုးအစားကတော့ မြန်မာဟန်နဲ့ သိသာစွာကွဲပြားနေတာကို တွေ့နိုင်ပါတယ်။ အထူးသဖြင့် ဘယ်ဘက်လက်မောင်းတော်ဟာ မြန်မာဆင်းတုတော်များထက် ဘေးကိုပိုပြီး ကားနေပါတယ်။ ညာဘက်လက်တော်ကလည်း ဘူမိဖဿဟန်ဟာ ဒူးအတွင်းပိုင်းကို သိသာစွာ ဝင်နေပါတယ်။

ထူးခြားတာက မြန်မာဆင်းတုတော်များလို ပခုံးတင်နှစ်ထပ်သင်္ကန်းကြီး ဒုကုဋ္ဋသင်္ကန်း လုံးဝမပါသလို ကိုယ်ရုံသင်္ကန်း အနားစွန်းများလည်း မထင်ရှားပါ။ ခြေနှစ်ဖက်ကတော့ ခြေချိတ်မဟုတ်ဘဲ ခြေထပ်ပုံဖြစ်နေတာ မဆန်းသော်လည်း ခြေတံအတော်ရှည်တဲ့အတွက် ဒူးနှစ်ဖက်ဟာ ခန္ဓာအပြင်ဘက်ကို သိသာစွာ ကားထွက်နေတာကိုလည်း ထူးခြားစွာ တွေ့နိုင်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ပလ္လင်တော်ပါ။ မြန်မာဆင်းတုတော် အတော်များများဟာ ကြာလှန်သီးသန့်ဖြစ်စေ၊ ကြာမှောက်ပါတဲ့ ကြာပလ္လင်ကိုဖြစ်စေ ထည့်သွင်းဖန်တီးထားတာကို တွေ့ရသော်လည်း အခုဆင်းတုတော်မှာတော့ အဆင်တန်ဆာ လုံးဝမပါတဲ့ ပြောပလ္လင်ပုံစံ တွေ့ရတာပါပဲ။ ဒါကြောင့် အထက်မှာ တင်ပြခဲ့တဲ့ အချက်အလက်တွေအရ ခြုံပြီးပြောရရင် အမရပူရမြို့နယ်၊ စာတိုးရွာဦးမှာ တည်ထားခဲ့တဲ့ ဆုတောင်းပြည့်စေတီတော်ထဲက ထွက်ပေါ်လာတဲ့ ကြေးသွန်းဆင်းတုတော်ဟာ မြန်မာလက်ရာ လုံးဝမဟုတ်ဘူးလို့ အခိုင်အမာ ဆိုနိုင်သွားပါပြီ။ ပတ်ဝန်းကျင်နိုင်ငံရဲ့ ခေတ်ပြိုင်မှတ်တမ်းများ လေ့လာချက်အရ ယိုးဒယားနိုင်ငံ အယုဒ္ဓယခေတ် ဆင်းတုတော် တစ်ဆူဖြစ်တယ်ဆိုတာလည်း သေချာသွားပါပြီ။ ယိုးဒယားဆင်းတုတော်ကို မြန်မာ့မြေပေါ်မှာ တွေ့ရခြင်းရဲ့ဖြစ်နိုင်ခြေအကြောင်းတရားကိုလည်း သုံးသပ်ပြခဲ့ပြီးပါပြီ။

မည်သို့ပင်ဆိုစေ ပြိုကျပျက်စီးခဲ့တဲ့ စေတီတော်ကိုလည်း အတွင်းကပေါ်လာတဲ့ ညောင်ရမ်းခေတ်နှောင်း၊ ကုန်းဘောင်ခေတ်ဦးလက်ရာ၊ အမရပူရခေတ် ဘကြီးတော် စစ်ကိုင်းလက်ထက် လက်ရာတွေကို မပျက်စီးရအောင် တတ်သိပညာရှင်များရဲ့ အကြံဉာဏ်များရယူပြီး ထိန်းသိမ်းသွားမယ်၊ တွေ့ရတဲ့ ဆင်းတုတော်များကိုလည်း စေတီတော်နဲ့အတူ ခေတ်အလိုက် ခွဲခြားပြသသွားမယ်လို့ ဩဝါဒါစရိယ ဆရာတော်ရဲ့ ပြောကြားချက်အရ ဝမ်းမြောက်ပီတိ ဖြစ်ရပါတယ်။

ဒါကြောင့် သမိုင်းပျောက်နေတဲ့ ရှေးဟောင်းစေတီတော်တစ်ဆူကို အသေးစိတ်မဟုတ်တောင် တည်ခဲ့တဲ့ ခေတ်ကာလနဲ့တွေ့ရတဲ့ ဌာပနာဆင်းတုတော်များအပေါ် ခေတ်ကာလ ခွဲခြားသတ်မှတ်နိုင်ခြင်းအားဖြင့် လစ်ဟာနေတဲ့ သမိုင်းကွက်လပ်အချို့ကို ဖြည့်စွက်ပေးနိုင်ခဲ့ပါကြောင်း။

**ကျမ်းကိုး-**

- **အခြေပြနိုင်ငံရေးသမိုင်း**
- **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ**
- **လမ်းတွေ့ကွင်းဆင်းလေ့လာချက်များ**

**ရက္ခိတ(ရှေး/သု)**

# ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်သင်ကြား

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးစီးမှုဖြင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း(၂၀၂၆)ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ချမ်းမြသာစည်မြို့နယ်၊ ၅၈(ဘီ)လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးရှိ အမှတ်(၃)သင်တန်းခန်းမတွင် ဖွင့်လှစ်သင်ကြားပို့ချရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌဒေါက်တာမျိုးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။



ဆက်လက်၍ သင်တန်းပို့ချရာ မန္တလေးတိုင်း ကြက်ခြေနီတပ်ဖွဲ့မှူးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ခန္ဓာဗေဒဘာသာရပ်ကိုလည်းကောင်း၊ အတွင်းရေးမှူးဦးကျော်ကျော်က ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် ရှေးဦးပြုစုခြင်းသဘောတရားဘာသာရပ်တို့ကိုလည်းကောင်း ပို့ချသည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူးနည်းပြများက ရှေးဦးပြုစုခြင်းဆိုင်ရာ ဘာသာရပ်များအား စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသည်။ သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး မြို့နယ်များမှ ကြက်ခြေနီသင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

# လူငယ်နှင့် စာဖတ်ခြင်းအကြောင်း အသိပညာပေးဆွေးနွေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့်စာဖတ်ခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဓာဖြူထွန်းက လူငယ်နှင့် စာဖတ်ခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူးဒေါ်နွေရည်ကိုက လူငယ်တွေ ဘဝဖွံ့ဖြိုးတိုးတက်ဖို့နှင့် အနာဂတ်အတွက် အရေးပါသောအလေ့အထတစ်ခုဖြစ်စေရန် စာဖတ်ခြင်းသည် အရေးကြီးပုံ၊ စာဖတ်ခြင်းမှ အသိပညာ၊ အတွေးအခေါ်နှင့် စိတ်ကူးစိတ်သန်းများ တိုးတက်စေရုံသာမက ဘဲ ဘဝကို ဘက်ပေါင်းစုံမှ ပိုမိုနားလည်နိုင်စေရန်နှင့် စာဖတ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးများအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အေးငြိမ်းစံ(ပြန်/ဆက်)**




# သူငယ်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တံတားဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ အသိပညာဗဟုသုတတိုးပွားရေးအတွက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက သူငယ်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။ (ဝဲပုံ)



အဆိုပါ ပညာပေးဟောပြောပွဲတွင် သူငယ်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးရဲတင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ဗလငါးတန်ပြည့်ဝစေရန်နှင့် အနာဂတ်တွင် ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ Social Media ၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ အားလပ်ချိန်တွင် စာပေဖတ်ရှုလေ့လာရန်၊ လူငယ်များ သိသင့်၊ သိထိုက်သည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၄၀၉)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး


## လက်ကျန်နေ့ရက်များ

\- - - - - - - - -

* အနန္တငါးပါး ဦးထိပ်ထား၍
ဘုရားရှေ့မှာ ကြည်ညိုစွာပင်
လေဝင် လေထွက် ဖြစ်ပျက်အစဉ်
အာရုံဝင်မှု တရားရှုစဉ်
စိတ်ဘဝင်မှာ ကြည်လင်စွာပဲ့
ချမ်းသာသုခ ကောင်းခြင်းခ။

* "မျက်စိကောင်းတုန်း စာဖတ်
နားကောင်းတုန်း တရားနာ
ကျန်းမာရေးကောင်းတုန်း
တရားအားထုတ်ကြ"
သူငယ်တော်တောရ ဆရာတော်မိန့်ကြား
စကားလက်ဆောင် နေ့စဉ်ဆောင်ပွား
တံတားပမာ ဒါန သီလ ဘာဝနာ
သုံးဖြာကုသလ ညီမျှစေရာ သံသရာလမ်း
ဖြောင့်တန်းစေမှု ထောက်တိုင်ပြုလျက်
လက်ကျန်နေ့ရက် ခရီးဆက်
သက်ရှစ်ဆယ်နီး ဘဝခရီးအတွက်။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**


တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ
သဏ္ဍာန်လှပ၊ ပန်းရလိမ့် ။


# ထိုင်ဝမ်ပြောင်းချိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံ ရာသီအလိုက်စိုက်ပျိုးကြရာ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးသော ထိုင်ဝမ်ပြောင်းချိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော် နွေ၊ မိုး၊ ဆောင်း ချောင်းရေတင်ပြီး ထိုင်ဝမ်ပြောင်းတွေကို စိုက်ပျိုးပါတယ်။ ဒီနှစ် ဆောင်းရာသီမှာ ထိုင်ဝမ်ပြောင်း နို့ဆီဘူး သုံးဘူးစိုက်ပျိုးရာ ငွေကျပ် နှစ်သိန်းခွဲခန့် ကုန်ကျပါတယ်။ အရင်မိုးရာသီမှာ ပြောင်းဖူး တစ်ဖူးကို ငွေကျပ် ၅၀၀မှ ၆၀၀ ရောင်းရသော်လည်း အခုအခါ တစ်ဖူးကို သေးရင် ငွေကျပ် ၇၀၀၊ ကြီးရင် ငွေကျပ် ၈၀၀ ဈေးရောင်းရပါတယ်။ ပြောင်းစိုက်ခြင်းဖြင့် အကျိုးအမြတ်ရရှိပြီး ပြောင်းရိုးကိုလည်း ကျွဲ၊ နွားစာအဖြစ် အသုံးပြုရတဲ့အတွက် လာမယ့်နွေရာသီမှာ တိုးချဲ့စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်" ဟု ထိုင်ဝမ်ပြောင်းစိုက်တောင်သူ ဦးကျော်ဌေးက ပြောသည်။

အဆိုပါ ထွက်ရှိသည့် ပြောင်းဖူးများကို မြို့ပေါ်ပြန်လည်ရောင်းချသော ဈေးသည်များနှင့် နီးစပ်ရာမြို့များမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ကျန်တန်း-တိုးချဲ့(၂)ရပ်၊ ကွင်းအမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(D-၁၀၁)၏ မြောက်ဘက်အစိတ်အပိုင်း၊ အရှေ့-အနောက်ပေ(၆၀)၊ တောင်-မြောက် ပေ(၂၀)၊ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဒေါ်လှလှစန်း(၉/အမရ(နိုင်)၀၁၂၀၃၄)က ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းနိုင်မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မင်း B.Sc(Chem;) , Dip in Business Law , H.G.P အထက်တန်းရှေ့နေ (စဥ်–၂၀၀၅၁)**
**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၅၃-က-၁)၊ (၁၅ ပေ× ပေ ၂၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၅၃-က-၁)၊ (၁၅ ပေ× ပေ ၂၀) အကျယ်အဝန်းရှိ မြေကွက်မှာ "ဦးဝင်းမောင်"အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်ဖြူဖြူအောင်(ဘ)ဦးတိုင်းအောင်ကျော်"(၉/ခမစ(နိုင်)၁၁၁၄၀၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## တိုက်ခန်းဝယ်ယူခြင်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဥ်ရပ်ကွက်၊ ၇၂(ဘီ)လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြား၊ အကွက်အမှတ်(၆၉၇)၊ ဦးပိုင်အမှတ်(၁၇ ဃ-၁)၊ ဧရိယာ(၀ ဒသမ ၀၃၉၃)ဧက အကျယ်အဝန်းရှိသော ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အာရ်စီ (၄)ထပ်တိုက်ခန်းရှိ အခန်းများအနက်(၄)လွှာ (စတုတ္ထထပ်)၊ အခန်းအမှတ်(D)ဟု ခေါ်သော (၂၃ ပေ× ပေ ၇၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြင့်မြင့်ရီ(ဘ)ဦးမြင့်သိန်း(၉/မရတ(နိုင်)၀၇၃၁၂၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန္တာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ➤ ၀၉-၇၉၇၃၅၅၁၇၃၊ ၀၉-၄၀၂၆၀၄၉၈၆**

## အကွက်အမှတ်(ဗ-၁၁)၊ ဦးပိုင်အမှတ်(၃၂)မြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်(၁၅ ပေ× ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၁)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ "ဒေါ်ခင်စန်းဦး"အမည်ပေါက်(ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်(၁၅ ပေ× ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်ဝင်းမာခိုင်(ဘ)ဦးစန်းအောင်"(၁၃/ကခန(နိုင်)၀၈၃၄၉၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ အပြေအကြေကို ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်ပြုလုပ်ထားသည့် အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ၎င်းမြေကွက်ကို လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ဦးစိုးဝင်းထက်(၉/ပဥလ(နိုင်)၀၆၁၁၅၇)နှင့် ဒေါ်ပန်းအိနိုင်(၉/အမရ(နိုင်)၁၃၅၀၀၁)တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး (၂၀၁၂)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှု မရှိကြတော့သဖြင့် (၃-၁-၂၀၂၆)ရက်၌ နှစ်ဖက်အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ပြတ်စဲလိုကြကြောင်း ထုတ်ဖော်ဆန္ဒပြုကြလျက် ကွာရှင်းပြတ်စဲခဲ့ကြပြီး ရပ်မြင်အသံကြားနိုင်သော အီလက်ထရွန်းနစ်စနစ်ဖြင့် ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးသည် စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတွင် မည်သို့မျှ ပတ်သက်ဆက်နွယ်ကြခြင်း မရှိတော့ပါကြောင်း ဒေါ်ပန်းအိနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပန်းအိနိုင်(ဘ)ဦးနိုင်ဝင်း(၉/အမရ(နိုင်)၁၃၅၀၀၁)၊ ဖုန်း ၀၉- ၆၈၉၉၁၅၄၅၉ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဟေမာန်ဦး(ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၈)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမြင့်အောင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းပေ(၂၀× ၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင် ဒေါ်စိန်စိန်ဦး(ပါ-၄)ဦးထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးအောင်နိုင်ထွန်း(၉/မရမ(နိုင်)၀၀၂၉၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လှိုင်ဋ္ဌေး(B.A, PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower၊ မြေညီထပ်၊ ၆၄(B)လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ 09-402550551, 09-792888551, 09-426806829**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၃)၊ တစ်ကွက်လျှင် ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကစီအကျယ်အဝန်းရှိ ဦးပိုင်အမှတ်(၉)နှင့် (၁၄) ဒေါ်ရွှေရည်ဝင်းစက်အောင် အမည်ပေါက် ဂရန်မြေကွက်(၂)ကွက်တို့နှင့် ယင်းမြေကွက်တို့ပေါ်ရှိ ဆိုင်ခန်းအဆောက်အအုံ၊ အာရ်စီ(၃)ထပ်တိုက် အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇော်မင်းသန်း(၉/မလန(နိုင်)၁၁၃၇၈၂)၊ ဒေါ်ရွှေရည်ဝင်းစက်အောင်(၉/မထလ(နိုင်)၂၅၈၆၃၄)တို့ဇနီးမောင်နှံထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လှိုင်ဋ္ဌေး(B.A, PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower၊ မြေညီထပ်၊ ၆၄(B)လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ 09-402550551, 09-792888551, 09-426806829**

## ဦးညွှန့်ဝေနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၂)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးညွှန့်ဝေထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့်က(၉-၁-၂၀၂၁)ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးညွှန့်ဝေနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**ဒေါ်အေးအေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မူမူအေး(တရားလွှတ်တော်ရှေ့နေ)(စဥ်–၁၈၂၅၈)**
**၆၅ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၁)၊ ဦးပိုင်အမှတ်(၅၂)၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ ၅၂လမ်းနှင့် မန္တလေး-ပြင်ဦးလွင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းလွင်(၉/မရမ(နိုင်)၀၀၅၇၁၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၃၁၂/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသလ္လာထွန်း(၅/တမန(နိုင်)၀၅၈၂၅၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၇)၊ ဦးပိုင်အမှတ်(၆၃)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၄၂လမ်းနှင့် ၁၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်ကြီးသန်းအောင်(ကြည်း-၂၀၄၄၂)၊ (၁၃/နခတ(နိုင်)၀၀၁၆၈၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၂၃/၂၀၀၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ဝင်း(၉/အမရ(နိုင်)၀၁၄၇၂၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၂၃)၊ ဦးပိုင်အမှတ်(၃-G)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမိုးလွင်(၉/မရမ(နိုင်)၀၅၇၃၂၆)၊ ဦးအောင်လွင်(၉/မရမ(နိုင်)၀၅၇၃၂၇)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၇)၊ ဦးပိုင်အမှတ်(၁/၁၈)ခဲစင်း၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးအောင်(၁၃/မပတ(နိုင်)၀၀၉၀၅၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၂၄/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းသူ(၉/အမဇ(နိုင်)၀၀၂၇၀၀)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁)၊ ဦးပိုင်အမှတ်(၈၇)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လှ(၉/မရမ(နိုင်)၀၂၆၀၅၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၄၁၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးရင်(၁၃/ကမန(နိုင်)၀၂၇၃၉၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၀၇)၊ ဦးပိုင်အမှတ်(၃-ဏ)၊ မြို့ဟောင်းဈေးအနီး၊ ၈၂လမ်းနှင့် ၈၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဥမ္မာကျော်(၉/မရတ(နိုင်)၀၁၀၇၆၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက-၃)၊ ဦးပိုင်အမှတ်(၂၉-က)၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျန်းချောင်ဟုတ်(၁၃/ကခန(နိုင်)၀၈၉၇၇၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်အမှတ်(၉)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၅လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်အေး(၉/မရတ(နိုင်)၀၂၀၂၅၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၂၂၆/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတိန်ဇော်(၁၃/တယန(နိုင်)၀၃၅၄၃၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၅)၊ ဦးပိုင်အမှတ်(၂၀)ခဲစင်းတောင်ခြမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဒေါ်လှလှဝင်း၊ ဒေါ်မြမြဝင်း၊ ဒေါ်ချိုသင်း အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်ချိုသင်းထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၄၀၀၅/၂၀၂၂)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်လှလှဝင်း(၉/မနမ(နိုင်)၁၁၁၁၄၉)၊ ဒေါ်မြမြအဝင်း(၉/အမဇ(နိုင်)၀၀၈၃၇၀)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၉)၊ ဦးပိုင်အမှတ်(၃)၊ ၁၀၅လမ်း၊ ၅၁လမ်းနှင့် ၅၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထွေးလေး(၁၃/ဖခန(နိုင်)၀၁၆၁၂၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၅)၊ ဦးပိုင်အမှတ်(၁-ဒ)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၄လမ်းနှင့် ၇၅လမ်းကြားရှိ ဦးလေးမြင့်၊ ဒေါ်ခင်စိန် အမည်ပေါက် ဘိုးဘမြေကွက်အား (ခင်ပွန်း)ဦးလေးမြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၀၄၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် (ဇနီး)ဒေါ်ခင်စိန်(၉/မရမ(နိုင်)၀၂၁၀၄၅)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၈)၊ ဦးပိုင်အမှတ်(၂၃)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီမြင့်(၉/ညဥန(နိုင်)၀၀၀၉၃၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၁၀၇)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၀၄လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီဖုန်ဟော့(၁၃/ကခန(နိုင်)၀၄၄၈၄၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၁၀၀)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၂လမ်းနှင့် မန္တလေး-လားရှိုးမီးရထားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးပင်(၁၃/လရန(နိုင်)၂၄၀၄၇၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၄)၊ ဦးပိုင်အမှတ်(၂၂)ခဲစင်းမြောက်ခြမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးခိုင်(၁၃/ကတန(နိုင်)၀၀၃၉၉၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၅၄)ခဲစင်းတောင်ခြမ်း+မြောက်ခြမ်း၊ ၅၈လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြခင်(၉/မနမ(နိုင်)၀၆၉၇၅၈)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၂၇)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်လတ်(၁/မကန(နိုင်)၀၉၃၀၀၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၁)၊ ဦးပိုင်အမှတ်(၄-ဒ)၊ ၈၄လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျန်ဟိန်း(ခ)ဇော်ဦး(၁/မကတ(နိုင်)၀၀၆၃၈၈)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၂)(၁)၊ ဦးပိုင်အမှတ်(၁၂)၊ ၃၆လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းတင်(၉/မရမ(နိုင်)၀၀၈၆၄၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၃၆)ခဲစင်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ၅၉လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မော်လီ(၉/မနတ(နိုင်)၀၁၆၀၃၅)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်...

❖ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျေးရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထား မှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူ့ဆေးရုံများတွင်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင်လည်း ဟန်ချက်ညီညီ ဝန်ဆောင်မှုပေးရန် လိုအပ်သည့်အတွက် စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှိရမည့်အင်္ဂါရပ်များ၊ အချက်အလက်များ ပြည့်စုံစွာတင်ပြလာပါက ကြန့်ကြာမှုမရှိဘဲ လိုင်စင်ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း၊ ဆေးရုံဖွဲ့စည်းပုံများ ဆေးရုံအင်္ဂါရပ်နှင့် ညီညွတ်စွာ တည်ထောင်ဖွင့်လှစ်ရန် ရည်ရွယ်၍ ကြိုတင်ထောက်ခံချက်တင်ပြရန် အလေးထားဆောင်ရွက်လျက်ရှိပြီး အတည်ပြုထားသော ဗိသုကာပုံစံအတိုင်း တည်ဆောက်ရန် ထိန်းကျောင်းကြီးကြပ်လျက်ရှိကြောင်း၊ လိုင်စင်စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ လုံခြုံစိတ်ချရသည့် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ရည်ရွယ်၍ ပုဂ္ဂလိကကဏ္ဍမှ အထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းများနှင့် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်နိုင်ရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် လူ့စွမ်းအားအရင်းအမြစ်များ မှန်ကန်စွာအသုံးချနိုင်ရေး မူဝါဒများချမှတ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်(အသစ်) လျှောက်ထားလာသည့် ကိစ္စရပ်များကို တင်ပြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရောဝတီယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ




ရန်ကုန် ဖေဖော်ဝါရီ ၁၉


မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီက ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရောဝတီယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၃ မိနစ်နှင့် ၄၁ မိနစ်တွင် တည်ငြိမ်မင်းက သွင်းယူပေးခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက်အသင်းတိုက်စစ်မှူး တည်ငြိမ်မင်းက ဆွတ်ခူးခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈) ယှဉ်ပြိုင်အပြီးတွင် ရောဝတီယူနိုက်တက်အသင်းက ရမှတ် ၂၂ မှတ်ဖြင့် အဆင့်(၇)နေရာ၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၁၈မှတ်ဖြင့် အဆင့်(၉)နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

(NGB)



## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ဟာဘစ်ဘီယီအား နည်းပြသစ်အဖြစ် မာဆေးလ်အသင်းခန့်အပ်




ပါရီ ဖေဖော်ဝါရီ ၁၉

ပြင်သစ် လီဂူးကလပ် မာဆေးလ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဟာဘစ်ဘီယီအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၇ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဟာဘစ်ဘီယီသည် နည်းပြဘဝတစ်လျှောက်တွင် ရင်းနက်စ်၊ ရက်စ်စတားစသည့် ကလပ်အသင်းများအား ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် မာဆေးလ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၈)နှစ်အရွယ် နည်းပြဟာဘစ်ဘီယီက "ကျွန်တော့်အနေနဲ့ မာဆေးလ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)